| | ၁၄ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | | | | | | | | |
| | ၁၅ | စွမ်းအင် | | | | | | | | |
| | ၁၆ | စက်မှု | | | | | | | | |
| | ၁၇ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၆၄၁.၂၃၆ | ၂၁၃၈.၉၃၆ | -၁၄၉၇.၇၀၀ | ၃၈၆.၁၈၀ | ၀.၀၀၄ | +၃၈၆.၁၇၆ | ၆၀.၂၂% | |
| | ၁၈ | အားကစား | | | | | | | | |
| | ၁၉ | ပညာရေး | ၁၁၇၃၀.၈၁၆ | | +၁၁၇၃၀.၈၁၆ | | | | | |
| | ၂၀ | ကျန်းမာရေး | ၂၆၅၄၇.၀၅၀ | | +၂၆၅၄၇.၀၅၀ | | | | | |
| | ၂၁ | သတ္တုတွင်း | | | | | | | | |
| | ၂၂ | ယဥ်ကျေးမှု | | | | | | | | |
| | ၂၃ | ဘဏ္ဍာရေး | ၂၄၄၄.၇၂၀ | ၇၃၃၀၁.၈၀၂ | -၇၀၈၅၇.၀၈၂ | ၂၁၄၃.၅၀၈ | ၇၃၆၄၆.၇၆၉ | -၇၁၅၀၃.၂၆၁ | ၈၇.၆၈% | ၁၀၀.၄၇% |
| | ၂၄ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၁၂၃.၇၁၄ | | +၁၂၃.၇၁၄ | | | | | |
| | ၂၅ | ဆောက်လုပ်ရေး | ၇၄၃၁၈.၀၈၀ | ၆၁၈၇.၂၆၇ | +၆၈၁၃၀.၈၁၃ | ၁၅၆၅.၄၀၀ | ၆၃၀၀.၇၆၁ | -၄၇၃၅.၃၆၁ | ၂.၁၁% | ၁၀၁.၈၃% |
| | ၂၆ | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | | | | | | | | |
| | ၂၇ | ရထားပို့ဆောင်ရေး | | | | | | | | |
| | ၂၈ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | | | | | | | | |
| | ၂၉ | သိပ္ပံနှင့်နည်းပညာ | | | | | | | | |
| | ၃၀ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | | | | | | | | |
| | | စုစုပေါင်း | ၅၉၆၀၉၄.၉၂၀ | ၃၉၂၀၅၉.၆၄၈ | +၂၀၄၀၃၅.၂၇၃ | ၃၇၉၇၉၈.၇၆၆ | ၄၂၂၇၀၅.၃၅၉ | -၄၂၉၀၆.၅၉၃ | ၆၃.၇၀% | ၁၀၇.၈၂% |

## ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏
## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်အပေါ်
## အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**စုစုပေါင်းရငွေ**

၁။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် စုစုပေါင်းရငွေ လျာထားချက်မှာကျပ် ၃,၁၉၈,၄၁၈.၆၈၆ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃,၀၇၇,၀၀၂.၁၅၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၆.၂၀ ဖြစ်ပါသည်။ ပထမ(၆)လပတ် စုစုပေါင်းရငွေ လျာထားချက်ကို အနီးစပ်ဆုံး ရရှိအောင်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

**သာမန်ရငွေ**

၂။ ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် သာမန်ရငွေလျာထားချက်မှာ ကျပ်၂,၅၀၁,၅၇၄.၈၂၄ သန်းဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၂,၅၉၉,၅၄၄.၅၃၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၃.၉၂ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုရရှိမှု ၊ လျော့နည်းရရှိမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပိုမိုရရှိသော ဝန်ကြီးဌာန(၁၇)ခုအနက် (၅)ခု၏ ပိုမိုရရှိရခြင်းရှင်းလင်းချက်အကျဉ်းချုပ်

(၁) **သာသနာရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၃၃.၅၀၉ သန်း ၊ ရရှိငွေ ကျပ် ၈၇.၀၁၇ သန်း ၊ ရာခိုင်နှုန်း၂၅၉.၆၈ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကျမ်းစာအုပ်ရောင်းရငွေ၊ ပိုပေးမိငွေမှ ပြန်ရငွေများကြောင့် ပိုငွေပေါ်ပေါက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှ တင်ဒါရောင်းချရငွေများအား ဘဏ်သို့ ပေးသွင်းခဲ့သည့်အတွက် ပိုမိုရရှိခြင်းကြောင့်ဖြစ်ပါသည်။

(၂) **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၉,၈၀၄.၁၁၉ သန်း ၊ ရရှိငွေ ကျပ် ၂၂,၃၄၉.၉၁၇ သန်း ၊ ရာခိုင်နှုန်း ၂၂၇.၉၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ တင်ဒါပုံစံရောင်းရငွေများ ပိုမိုရရှိခဲ့ခြင်း၊ နယ်စပ်ဖြတ်သန်းခွင့်စာအုပ်များ၊ သံရုံးဗီဇာခများ၊ ခွင့်ပြုဗီဇာခများ ၊ ပြည်ဝင်ခွင့်ဗီဇာခများ ၊ နိုင်ငံခြားသားမှတ်ပုံတင်ခများ ၊ နယ်စပ်ဖြတ်သန်းခများ ပိုမိုတိုးတက်ရရှိလာခြင်း ၊ ပိုထုတ်ငွေပြန်သွင်းခြင်းများ ၊ ဝန်ထမ်းနုတ်ထွက်လျော်ကြေးများနှင့် ငွေလွှဲခများ ပိုမိုရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၃) **အာကာစားဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၁၂၀.၅၇၇ သန်း ၊ ရရှိငွေ ကျပ် ၃၅၇.၀၀၅ သန်း ၊ ရာခိုင်နှုန်း ၂၉၆.၀၈ ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ရခြင်းမှာစာရင်းစစ်ကန့်ကွက်ချက်အရ ပြန်သွင်းငွေများ ၊ အခြားရငွေများကြောင့် ပိုမိုရရှိခြင်း ဖြစ်ပါသည်။

(၄) **သတ္တုတွင်းဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၅,၆၁၃.၄၀၈ သန်း၊ ရရှိငွေ ကျပ် ၁၆,၀၉၅.၃၇၈ သန်း ၊ ရာခိုင်နှုန်း ၂၈၆.၇၃ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အမှတ်(၁)သတ္တုတွင်းလုပ်ငန်းနှင့် အကျိုးတူလုပ်ကိုင်သော တကောင်းတောင် ဖယ်ရိုနီကယ်စီမံကိန်းမှ ဓာတ်သတ္တုခွန်ရငွေ ပေးသွင်းခြင်း၊ ရတနာခွန်များ ခန့်မှန်းသည်ထက်ပိုမိုရရှိခြင်း၊ ပုံသေမြေငှားရမ်းခကြွေးကျန်များ၊ စက်သုံးဆီလိုင်စင်ကြေးများ ခန့်မှန်းသည်ထက် ပိုမိုရရှိခြင်း၊ စိန်လွန်တူးလုပ်ငန်းအတွက် ပြည်ပအကူအညီရငွေရရှိခြင်းတို့ကြောင့် ပိုမိုရရှိခြင်းဖြစ်ပါသည်။

(၅) **အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၂၉.၀၇၄ သန်း၊ ရရှိငွေ ကျပ် ၂၀၀.၉၈၅ သန်း ၊ ရာခိုင်နှုန်း ၆၉၀.၂၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ၊ စာရင်းစစ်ကန့်ကွက်ချက်အရ ပြန်လည်ပေးသွင်းငွေများ၊ ပြည်ပသို့သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများထံမှ ရရှိသည့်ဝန်ဆောင်ခ ရငွေများ၊ တင်ဒါရောင်းရငွေများ၊ အလုပ်နုတ်ထွက်လျော်ကြေးပေးသွင်းခြင်း ၊ လစာပိုထုတ်ငွေပြန်သွင်းခြင်းနှင့် ဆိုင်ခန်းငှားရမ်းခ ပေးသွင်းငွေများကြောင့် ပိုမိုရရှိခြင်းဖြစ်ပါသည်။

## (ခ) လျော့နည်းရရှိသောဝန်ကြီးဌာန(၁၃)ခုအနက် (၃)ခု၏လျော့နည်းရရှိရခြင်း ရှင်းလင်းချက်အကျဉ်းချုပ်

(၁) **ကာကွယ်ရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၆၉,၄၄၀.၅၈၈ သန်း၊ ရရှိငွေ ကျပ် ၁၉,၅၀၄.၁၁၆ သန်း၊ ရာခိုင်နှုန်း ၂၈.၀၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ရန်ကုန်၊မန္တလေးမြို့များရှိ တပ်မြေများတွင် ဟိုတယ်နှင့်ကွန်ဒိုအဆောက်အဦများအား နှစ်ရှည် BOT စနစ်နှင့် ဆောက်လုပ်ရန် ပရီမီယံကြေးငှားရမ်းခရရှိမှု နောက်ကျခြင်းကြောင့်ဖြစ်ပါသည်။

(၂) **နယ်စပ်ရေးရာဝန်ကြီးဌာန။** လျာထားချက်ကျပ် ၂,၅၉၇.၇၀၀ သန်း ဖြစ်ပြီး၊ ရရှိငွေ ကျပ် ၄၃၂.၆၈၃ သန်း ၊ ရာခိုင်နှုန်း ၁၆.၆၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အိန္ဒိယမှ ပြည်ပအကူအညီရငွေမှာ ပထမ(၆)လပတ်တွင် ရမည်ဟုလျာထားခဲ့သော်လည်း မရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၃) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၁၉,၉၆၄.၃၄၈ သန်း ၊ ရရှိငွေ ကျပ် ၁၁,၁၆၇.၅၈၃ သန်း ၊ ရာခိုင်နှုန်း ၅၅.၉၄ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဟိုတယ် (တည်ဆောက်ဆဲ)နှင့်ပြည်တွင်းဟိုတယ်(တည်ဆောက်ဆဲ)တို့မှမြေငှားရမ်းခငွေများ ၊ ပြည်တွင်းငှားရမ်းထားသော ဟိုတယ်များမှ ငှားရမ်းခများ မရရှိခဲ့ခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

**ငွေလုံးငွေရင်းရငွေ**

၃။ ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် ငွေလုံးငွေရင်းရငွေလျာထားချက်မှာ ကျပ် ၁၀၀,၆၃၈.၉၄၁ သန်းဖြစ်ပြီး ၊အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၉၇,၆၅၈.၈၄၉ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၇.၀၄ ဖြစ်ပါသည်။ လျာထားချက်ထက်ပိုမိုရရှိမှု ၊ လျော့နည်းရရှိမှုအခြေနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပိုမိုရရှိသော ဝန်ကြီးဌာန(၆) ခုအနက်(၂)ခု၏ ပိုမိုရရှိရခြင်း ရှင်းလင်းချက်အကျဉ်းချုပ်**

(၁) **ပြည်ထဲရေးဝန်ကြီးဌာန။** လျာထားချက်မရှိသော်လည်း ရရှိငွေ ကျပ် ၉၉၁.၄၆၄ သန်း ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ နေအိမ်လိုင်းခန်းနှင့် ဌာနပိုင်အဆောက်အဦရောင်းချငွေ၊ ပစ္စည်းဟောင်းများရောင်းချရငွေတို့ရရှိခြင်းကြောင့်ဖြစ်ပါသည်။

(၂) **စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၅၄၅.၄၃၈ သန်း ၊ ရရှိငွေ ကျပ် ၈၅၄.၇၇၉ သန်း ၊ ရာခိုင်နှုန်း ၁၅၆.၇၁ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာနတွင် ဒုတိယ(၆)လပတ်တွင် ရောင်းချရန်လျာထားသော သိုလှောင်ရုံများ ပထမ(၆)လပတ်တွင် ရောင်းချရခြင်းကြောင့်ဖြစ်ပါသည်။

(ခ) **လျော့နည်းရရှိသောဝန်ကြီးဌာန(၁၁)ခု အနက်(၂)ခု၏ လျော့နည်းရရှိရခြင်းရှင်းလင်းချက်အကျဉ်းချုပ်**

(၁) **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၃,၀၄၅.၅၄၆ သန်း၊ ရရှိငွေကျပ် ၁,၇၉၇.၆၃၃ သန်း၊ ရာခိုင်နှုန်း ၅၉.၀၂ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပြည်ပအကူအညီရငွေများ လျော့နည်းရရှိခြင်းကြောင့်ဖြစ်ပါသည်။

(၂) **ပို့ဆောင်ရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၄၃၀.၂၉၆ သန်း လျာထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ယင်းသို့ဖြစ်ရခြင်းမှာ JICA မှ Grant Aid အဖြစ် ရေဒါအဆောက်အဦနှင့်စက်ပစ္စည်းများ တပ်ဆင်ဆောင်ရွက်နေဆဲဖြစ်သောကြောင့် ဖြစ်ပါသည်။

**ကြွေးမြီရငွေ**

၄။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏၂၀၁၅-၂၀၁၆ ခု၊ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ကြွေးမြီရငွေ လျာထားချက်မှာကျပ် ၅၉၆,၁၉၄.၉၂၁ သန်း ဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၃၇၉,၇၉၈.၇၆၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆၃.၇၀ ဖြစ်ပါသည်။လျာထားချက်ထက်ပိုမိုရရှိမှု၊ လျော့နည်းရရှိမှုအခြေနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပိုမိုရရှိသောဝန်ကြီးဌာန(၁)ခု၏ ပိုမိုရရှိရခြင်း ရှင်းလင်းချက်အကျဉ်းချုပ်**

**သမဝါယမဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၃၀၆,၀၀၀.၀၀၀သန်း၊ ရရှိငွေကျပ် ၃၃၈,၆၃၃.၉၀၄ သန်း၊ရာခိုင်နှုန်း ၁၁၀.၆၆ဖြစ်ပါသည်။ယင်းသို့ ဖြစ်ရခြင်းမှာ ငွေလဲလှယ်နှုန်းမြင့်တက်သွားခြင်းကြောင့် ပိုမိုရခြင်း ဖြစ်ပါသည်။

(ခ) **လျော့နည်းရရှိသောဝန်ကြီးဌာန(၁၁)ခုအနက်(၄)ခု၏ လျော့နည်းရရှိရခြင်းရှင်းလင်း ချက်အကျဉ်းချုပ်**

(၁) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** လျာထား ချက်မှာကျပ် ၄,၃၈၂.၂၅၀ သန်း၊ရရှိငွေကျပ် ၁၇၀.၄၁၄ သန်း၊ရာခိုင်နှုန်း ၃.၈၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက် သည့် ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းTelecommunication Sector Reform Project အတွက် ကမ္ဘာ့ဘဏ်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက် နေဆဲ ဖြစ်ခြင်းကြောင့် လျာထားချက်ထက်လျော့နည်းရခြင်း ဖြစ်ပါသည်။

(၂) **ပညာရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၁၁,၇၃၀.၈၁၆ သန်း လျာထားသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိပါ။ ယင်းသို့ ဖြစ်ရခြင်းမှာ ကျောင်းထောက်ပံ့ကြေးနှင့် ပညာသင်ထောက်ပံ့ကြေးများ အတွက်ကမ္ဘာ့ဘဏ်မှလွှဲပို့ရန် ဆောင်ရွက်နေဆဲဖြစ်သောကြောင့်လည်းကောင်း၊ ကမ္ဘာ့ဘဏ်နှင့် သက်ဆိုင်ရာတာဝန်ရှိသူများ လက်မှတ်ရေးထိုးညှိနှိုင်း ဆောင်ရွက်ဆဲဖြစ်သောကြောင့်လည်းကောင်း လျော့နည်းရခြင်းဖြစ်ပါသည်။

(၃) **ကျန်းမာရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၂၆,၅၄၇.၀၅၀ သန်း ဖြစ်သော်လည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိပါ။ ယင်းသို့ ဖြစ်ရခြင်းမှာ ကမ္ဘာ့ဘဏ်မှ ရရှိသော ချေးငွေများအား ပထမ(၆)လပတ် တွင် စာရင်းတင်ရန်လျာထားသော်လည်း OA စာရင်းတွင်သာရရှိပြီး MD စာရင်းသို့ စာရင်းထည့်သွင်းခြင်း မရှိသေး၍ အရစာရင်းတင်သွင်းမှု မပြုနိုင် သေးပါသဖြင့်လျော့နည်းရခြင်းဖြစ်ပါသည်။

(၄) **ဆောက်လုပ်ရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၇၄,၃၁၈.၀၈၀ သန်း၊ ရရှိငွေ ကျပ် ၁,၅၆၅.၄၀၀ သန်း၊ ရာခိုင်နှုန်း ၂.၁၁ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ Bank Guarantee မရရှိသေးခြင်းနှင့် Consultant အဖွဲ့အသုံးစရိတ်များကို စိစစ်နေရခြင်းတို့ကြောင့် ချေးငွေရယူနိုင်ခြင်းမရှိ၍လည်းကောင်း၊ တရုတ်ချေးငွေဖြင့် ဆောင်ရွက်မည့် ပြည်သူ့အိမ်ရာစီမံကိန်းနှင့် အခြေခံအဆောက်အဦများတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှုများအတွက် ညှိနှိုင်းနေဆဲဖြစ်ခြင်းကြောင့်လည်းကောင်း လျော့နည်းရခြင်းဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၅။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် စုစုပေါင်းအသုံးစရိတ်လျာထားချက်မှာ ကျပ် ၅,၇၄၆,၆၉၇.၀၉၄ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၄,၈၆၃,၄၇၁.၇၃၇ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၆၃ ဖြစ်ပါသည်။ ပထမ(၆)လပတ် လျာထားချက်ထက် လျော့နည်းသုံးစွဲကြောင်းတွေ့ရှိရပါသည်။

**သာမန်အသုံးစရိတ်**

၆။ ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် သာမန်အသုံးစရိတ် လျာထားချက်မှာ ကျပ် ၃,၈၅၅,၇၆၄.၆၅၃ သန်းဖြစ်ပြီး ၊အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃,၅၀၄,၉၈၇.၉၃၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၉၀.၉၀ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုသုံးစွဲမှု ၊ လျော့နည်းသုံးစွဲမှုအခြေနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ပိုမိုသုံးစွဲခဲ့သောဝန်ကြီးဌာန(၁၁)ခုအနက်(၃)ခု၏ပိုမိုသုံးစွဲရခြင်းရှင်းလင်းချက်အကျဉ်းချုပ်**

(၁) **ပြန်ကြားရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၁၀,၀၉၃.၁၅၁သန်း၊ သုံးစွဲမှု ကျပ် ၁၁,၀၆၃.၃၉၈ သန်း၊ ရာခိုင်နှုန်း ၁၀၉.၆၁ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဝန်ထမ်းများရာထူးတိုးမြှင့်ခြင်း၊ ဒေသစရိတ်ခံစားသည့် ဝန်ထမ်းများတိုးမြှင့်လာခြင်း၊ အကြံပေးပညာရှင်များ၏လစာနှုန်းထားများ တိုးမြင့်လာခြင်း၊ ပြည်ပသို့လေ့လာရေးခရီးများ၊ သင်တန်းကိစ္စများ၊ (၂၈)ကြိမ်မြောက် SEA Games ပြိုင်ပွဲများ ရိုက်ကူးသွားရောက်ခြင်း၊ ဂြိုလ်တုဆက်ကြောင်းငှားရမ်းခများ ပေးချေရာတွင်

နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာ၍ ပိုမိုကုန်ကျခြင်း၊ (၄/၂၀၁၅)လတွင် တပ်ကုန်းမြို့နှင့် အနီးတဝိုက်တွင် လေပြင်းတိုက်ခတ်ခြင်းကြောင့် အဆောက်အဦများ၊ စက်ပစ္စည်းများ၊ အသံလွှင့်တိုင်များ ပျက်စီးခဲ့ပါသဖြင့် ပြန်လည်ပြင်ဆင်ခြင်း၊ ဂျပန်နိုင်ငံမှ သံစုံတီးဝိုင်းပညာရှင်များ လာရောက်သင်တန်းပို့ချခြင်းနှင့် ပြင်ပမှဧည့်သည်လာရောက်မှုများခြင်းအတွက် ဧည့်ခံစရိတ်များ ကုန်ကျခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၂) **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၁၁၄,၉၀၅.၈၇၇သန်း၊ သုံးစွဲမှုကျပ် ၁၃၇,၈၄၄.၂၀၆ သန်း၊ ရာခိုင်နှုန်း ၁၁၉.၉၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အရာထမ်း၊ အမှုထမ်းများရာထူးတိုးခြင်း၊ တွဲဖက်ဝန်ထမ်းများအားခန့်ထားခြင်း၊ နှစ်တိုးခံစားခြင်း၊ ခရီးစရိတ်များ ထုတ်ယူသုံးစွဲခြင်း၊ လယ်ယာသုံးစက် ကိရိယာဖြန့်ဖြူးရေးလုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများ တင်ဒါ အောင်မြင်ဝယ်ယူရရှိမှု အချိန်စောစွာ ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းခြင်းကြောင့် ပိုမိုရခြင်း၊စက်ပစ္စည်းများဝယ်ယူခြင်းအတွက် စာချုပ်အရသတ်မှတ်ရက်အတွင်း ပစ္စည်းများရောက်ရှိလာခြင်း၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေကြီးခြင်းတို့ကြောင့် အဆောက်အဦများ၊ တာတမံနှင့် တူးမြောင်းများ ပျက်စီးမှုများကို အရေးပေါ်ပြုပြင်ခဲ့ရခြင်း၊ တိုးမြှင့်လစာနှုန်းများအရ လူမှုဖူလုံရေးအလုပ်ရှင်ထည့်ဝင်ငွေ မြင့်တက်လာခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၃) **ပို့ဆောင်ရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၈,၄၂၄.၇၉၉ သန်း၊ သုံးစွဲမှု ကျပ် ၁၃,၇၄၈.၇၆၁ သန်း၊ ရာခိုင်နှုန်း ၁၆၃.၁၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာဂျာမဏီချေးငွေ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံချေးငွေနှင့် နယ်သာလန်နိုင်ငံမှ ချေးငွေများ၏အတိုးအား ပထမအရစ် ပေးချေရန်လျာထားခဲ့သော်လည်း ဒုတိယအရစ်ပေးချေရန် တောင်းခံလာခြင်း၊ CANSO ထောက်ပံ့ငွေကို စတုတ္ထ(၃) လပတ်တွင် ပေးချေရန် လျာထားခဲ့သော်လည်း ဒုတိယ(၃)လပတ်တွင် အပြီးပေးချေခဲ့ရခြင်း ၊ WMO / ESCAP အဖွဲ့ရန်ပုံငွေသို့ နှစ်စဉ်ကြေးထည့်ဝင်ရခြင်း၊ အချိန်ပိုဆင်းဝန်ထမ်းများအားကျွေးမွေးခြင်း၊ အစည်းအဝေးများပိုမိုကျင်းပရခြင်းနှင့် မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ ဟောပြောပွဲများကြောင့် ပိုမိုရခြင်း ဖြစ်ပါသည်။

(ခ) လျှော့နည်းသုံးစွဲသောဝန်ကြီးဌာန(၁၉)ခုအနက်(၃)ခု၏ လျှော့နည်းသုံးစွဲရခြင်း ရှင်းလင်းချက်အကျဉ်းချုပ်

(၁) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၇၅၉.၄၀၄ သန်း၊ သုံးစွဲမှု ကျပ် ၄၀၀.၉၇၇ သန်း၊ ရာခိုင်နှုန်း ၅၂.၈၀ ဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာ ဆက်သွယ်ရေးလုပ်ငန်းမှ တွဲဘက်ဝန်ထမ်းများအား ခန့်ထားနိုင်ရေး ဆောင်ရွက်ဆဲဖြစ်ခြင်း၊ ပြည်တွင်းခရီးစဉ်များတွင်မော်တော်ယာဉ်ဖြင့်သာသွားလာခြင်း၊ဝန်ကြီးဌာန အဆောင်အယောင်ဖုန်းများအတွက် ကျသင့်ငွေလျှော့နည်း ပေးချေရခြင်း၊ လျှပ်စစ်မီတာခများ လျှော့နည်းပေးချေရခြင်းနှင့် ဆွစ်ဇာလန်နိုင်ငံပေါင်းစုံ ကြေးနန်းဆက်သွယ်ရေးအဖွဲ့ချုပ်သို့ ထည့်ဝင်ကြေး ပေးချေနိုင်ခြင်း မရှိသေးသောကြောင့် လျှော့နည်းရခြင်းဖြစ် ပါသည်။

(၂) **ကျန်းမာရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၁၇၀,၈၆၆.၅၂၆ သန်း၊ သုံးစွဲမှုကျပ် ၁၀၀,၆၈၃.၈၂၂ သန်း ရရှိခဲ့သဖြင့် ရာခိုင်နှုန်း ၅၈.၉၃ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဆေးဝါးများ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ အဆောက်အဦပြင်ဆင်ခြင်းကို အင်ဂျင်နီယာတွက်ချက်မှုနှင့်ဓါတ်ပုံမှတ်တမ်းများပြည်နယ်/တိုင်းဒေသကြီးဌာနမှူး၏ထောက်ခံချက်၊ စိစစ်ရန်ခွင့်ပြုချက်တို့နှင့် အဆင့်ဆင့်တင်ပြရခြင်း၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ခွင့်ပြုချက်ဖြင့် မော်တော်ယာဉ်အကြီးစားများ ပြင်ဆင်ခြင်းများ ဆောင်ရွက်ရသဖြင့် လျှော့နည်းရခြင်း၊ သူနာပြု / သားဖွားသင်တန်းသူများအား ပညာသင်ထောက်ပံ့ကြေး တိုးမြှင့်ခံစားခွင့်ပြုထားသော်လည်း ပညာရေးဝန်ကြီးဌာနမှ အစိုးရအဖွဲ့ရုံးခွင့်ပြုစာအား ၃၁.၈.၂၀၁၅ နေ့မှ အကြောင်းကြားခဲ့သည့်အတွက် ပထမ(၆)လတွင် နှုန်းဟောင်းအတိုင်း ထုတ်ပေးထားသည့်အတွက် လျှော့နည်းရခြင်း ဖြစ်ပါသည်။

(၃) **ဆောက်လုပ်ရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၃၇,၇၄၃.၄၅၀ သန်း၊ သုံးစွဲမှုကျပ် ၁၈,၆၁၄.၆၉၅ သန်း ရရှိခဲ့သဖြင့် ရာခိုင်နှုန်း ၄၉.၃၂ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဝန်ထမ်းများ အပြည့်အဝခန့်ထားနိုင်မှု မရှိခြင်း၊ ဖွဲ့စည်းပုံသစ်အရ ဦးစီးဌာန(၃)ခုတွင် ဝန်ထမ်းနေရာချထားရေးကို ဦးစားပေးဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့် ခရီးသွားလာမှု

နည်းပါးခြင်း၊ရုံးအသုံးအဆောင်ပစ္စည်းများ၊ မိတ္တူကူးစက်နှင့် Printer ဆေးများ ဝယ်ယူမှုနည်းပါးခြင်း၊ မိုးရာသီဖြစ်၍ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ဌာနတွင်း အထောက်အကူပြုသင်တန်းများ နည်းပါးခြင်း၊ အစည်းအဝေးများ ကျင်းပမှု လျော့နည်းခြင်းတို့ကြောင့် ဖြစ်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

၇။ ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ၂၀၁၅ - ၂၀၁၆ ခု ၊ ဘဏ္ဍာရေးနှစ် ပထမ(၆) လပတ် ငွေလုံးငွေရင်းအသုံးစရိတ် လျာထားချက်မှာကျပ် ၁,၄၉၈,၈၇၂.၇၉၃ သန်းဖြစ်ပြီး၊ အကောင် အထည်ဖော်နိုင်မှုမှာကျပ် ၉၃၅,၇၆၈.၄၄၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၆၂.၄၃ ဖြစ်ပါသည်။ လျာထားချက်ထက် ပိုမိုသုံးစွဲမှု ၊ လျော့နည်းသုံးစွဲမှုအခြေနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ပိုမိုသုံးစွဲသောဝန်ကြီးဌာန(၅)ခုအနက်(၄)ခု၏ပိုမိုသုံးစွဲရခြင်းရှင်းလင်းချက်အကျဉ်းချုပ်**

(၁) **နိုင်ငံခြားရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၃,၁၅၅.၆၂၂ သန်း၊ သုံးစွဲမှု ကျပ် ၆,၉၉၅.၆၀၄ သန်း၊ ရာခိုင်နှုန်း ၂၂၁.၆၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ မော်တော်ယာဉ်အကြီးစားပြုပြင်မွမ်းမံမှုပြုလုပ်ရန် လိုအပ်သည့်ငွေအား စက်တင်ဘာလတွင် ပေးချေရန်ရှိခြင်း၊ ရန်ကုန်ရုံး အဆောက်အဦ အကြီးစားမွမ်းမံခြင်းအတွက်သုံးစွဲခြင်း၊ တိုကျိုမြို့ မြန်မာ သံရုံးဆောက်လုပ်ခြင်း၊ ကင်ဘာရာမြို့ သံရုံးအကြီးအကဲနေအိမ်ဆောက် လုပ်ခြင်းနှင့် မြန်မာသံရုံးမှ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံခြားငွေလွှဲရာတွင် ငွေလဲနှုန်းကွာဟမှုကြောင့် လိုငွေများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထပ်မံလွှဲပို့ရခြင်း၊ ရောမမြို့ မြန်မာသံ ရုံးအဆောက်အဦနှင့်မြေနေရာဝယ်ယူခြင်းအတွက်ငွေလွှဲပို့မှုတွင်(MFTB) နှင့်ညှိနှိုင်းမှုအရ နိုင်ငံခြားငွေလွှဲပို့ရာတွင် ဘဏ်လုပ်ငန်းငွေပေးချေမှုစနစ် လွယ်ကူစေရန် ဆောလျင်စွာ ဆောင်ရွက်ရခြင်းတို့ကြောင့်ဖြစ်ပါသည်။

(၂) **ပြန်ကြားရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၂,၁၉၁.၈၁၃ သန်း၊ သုံးစွဲမှုကျပ် ၂,၇၁၅.၄၈၁ သန်း၊ရာခိုင်နှုန်း ၁၂၃.၈၉ ဖြစ်ပါသည်။ယင်းသို့ ဖြစ်ရခြင်းမှာ DVD-T2 စက်ပစ္စည်းများနှင့် FM Transmitter စက်ပစ္စည်း ရောက်ရှိလာပါသဖြင့် ငွေပေးချေရခြင်းကြောင့် ပိုမိုရခြင်းဖြစ်ပါသည်။

(၃) **လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၃၂၅.၈၈၀ သန်း၊ သုံးစွဲမှု ကျပ် ၄၁၈.၂၀၇ သန်း ၊ ရာခိုင်နှုန်း ၁၂၈.၃၃ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပထမ(၆)လပတ်အတွင်း လုပ်ငန်းလိုအပ်ချက်အရ ဆောက်လုပ်ရန် လျာထားသည်ထက် ပိုမိုဆောက်လုပ်ခဲ့သဖြင့် ပိုမိုရခြင်းဖြစ်ပါသည်။

(၄) **အားကစားဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၁,၉၇၅.၆၁၆ သန်း၊ သုံးစွဲမှုကျပ် ၂,၂၆၁.၇၃၂ သန်း၊ ရာခိုင်နှုန်း ၁၁၄.၄၈ ဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် တင်ဒါအောင်မြင်သူများအား လုပ်ငန်းတန်ဘိုးများပေးချေခဲ့ခြင်း၊ လုပ်ငန်းလိုအပ်ချက်အရ အားကစားနှင့်ကာယပညာသိပ္ပံကျောင်းသစ်(၂)ကျောင်းအတွက်သင်တန်းသား စာသင်ခုံများ ဝယ်ယူရခြင်းတို့ကြောင့် ပိုမိုရခြင်းဖြစ်ပါသည်။

**(ခ) လျော့နည်းသုံးစွဲသောဝန်ကြီးဌာန(၂၄)ခုအနက် (၆)ခု၏ လျော့နည်းသုံးစွဲရခြင်း ရှင်းလင်းချက် အကျဉ်းချုပ်**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန။** လျာထားချက်မှာကျပ် ၅၄၇,၃၇၃.၄၂၄ သန်း၊ သုံးစွဲမှုကျပ် ၂၂၂,၀၀၁.၈၉၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၀.၅၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အဆောက်အဦ၊ လမ်း ၊ တံတားစသည့်လုပ်ငန်းများ ဆောက်လုပ်ရန် မြေနေရာနှင့်အဆောက်အဦပုံစံ Drawing များ အတည်မပြုနိုင်သေးခြင်းနှင့် တင်ဒါများ ဆောင်ရွက်ဆဲဖြစ်သောကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၂) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၄,၄၆၈.၁၀၀ သန်း၊ သုံးစွဲမှု ကျပ် ၂၁၀.၂၈၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၄.၇၁ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ရုံးသုံးစက်ပစ္စည်းများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆောင်ရွက်မည့် Support for Telecommunication Sector Reform Project အတွက် ရုံးသုံးပစ္စည်းများဝယ်ယူရန် ကမ္ဘာ့ဘဏ်အဖွဲ့နှင့်ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ခြင်း ၊ အကြံပေးများ ငှားရမ်းခြင်းအတွက် Consultant Fees များ ပေးချေနိုင်မှုမရှိသေးသောကြောင့် လျော့နည်းခြင်းဖြစ်ပါသည်။

(၃) **စက်မှုဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၈၇၂.၄၁၂ သန်း ၊ သုံးစွဲမှု ကျပ် ၂၅၉.၄၄၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၂၉.၇၄ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပြည်ပအကူအညီရငွေဖြင့် သုံးစွဲမည့် စက်ပစ္စည်းများ မရောက်ရှိသေးခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ငွေပေးချေနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြထားဆဲဖြစ်ခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၄) **လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၁၁၂၂.၉၇၀ သန်း၊သုံးစွဲမှုကျပ်၄၈၀.၇၇၆ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၂.၈၁ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ တည်ဆောက်ရေးလုပ်ငန်းများ ရာခိုင်နှုန်းတစ်ဝက်နီးပါးခန့် ပြီးစီးနေပြီဖြစ်သော်လည်း ငွေထုတ်ပေးနိုင်ရေးအတွက် စိစစ်ဆောင်ရွက်နေဆဲ ကာလဖြစ်ခြင်း၊ ရုံးသုံးစက်ကိရိယာနှင့် အခြားရုံးသုံးပစ္စည်းများအတွက် တင်ဒါခေါ်ယူပြီးဖြစ်သော်လည်း ကုမ္ပဏီများရွေးချယ်နိုင်ရေး စိစစ်နေဆဲဖြစ်၍ ဝယ်ယူမှုမပြုနိုင်သေးခြင်း၊လုပ်ငန်းစီမံကိန်းသစ်များအတွက် အသုံးစရိတ်များသည် အဆောက်အဦများဆောက်လုပ်ရန်တင်ဒါခေါ်ယူ ဆောင်ရွက်ပြီးဖြစ်သော်လည်း တိုင်းနှင့် ပြည်နယ်ဒေသကြီးမှ တာဝန်ခံအရာရှိများထံသို့ အဆောက်အဦဆောက်လုပ်ရန် ကုန်ကျစရိတ်များ ထုတ်ယူခြင်း မရှိသေးဘဲ သက်ဆိုင်ရာကန်ထရိုက်များမှ စိုက်ထုတ်သုံးစွဲထားခြင်း၊အခြားအသုံးစရိတ်များ မသုံးစွဲရသေးခြင်းမှာ မြေနေရာဝယ်ယူခြင်းအတွက် မြေနေရာရွေးချယ် နေခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၅) **သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။** လျာထားချက်မှာကျပ်၁၄,၈၆၇.၀၇၅ သန်း၊ သုံးစွဲမှုကျပ် ၃,၈၄၇.၈၂၀ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း၂၅.၈၈ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာဆောက်လုပ်ရေးလုပ်ငန်းများပြီးစီးမှုရာခိုင်နှုန်း ပြည့်မီခြင်းမရှိ၍ ငွေမပေးရသေးခြင်း၊ စက်နှင့် စက်ကိရိယာများမှာ တင်ဒါခေါ်ယူထားဆဲဖြစ်သဖြင့် လျော့နည်းရခြင်းဖြစ်ပါသည်။

(၆) **ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။** လျာထားချက်မှာ ကျပ် ၁၄၅.၈၀၀ သန်း၊ သုံးစွဲမှုကျပ် ၃၂.၄၀၀ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း၂၂.၂၂ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ငွေဆောင်ရုံးခွဲအတွက် ငွေလုံးငွေရင်းရန်ပုံငွေကို ပြန်လည်အပ်နှံခဲ့ပြီးဖြစ်ခြင်း၊ မြောက်ဦးရုံးနှင့် မင်းတပ်ရုံးဆောက်လုပ်ခြင်းတို့ အတွက် ပထမအရစ်ဖြစ်သော လုပ်ငန်းတန်ဖိုး၏၃၀%ကိုသာ စက်တင်ဘာလအတွင်းသုံးစွဲနိုင်ရေးအတွက်ခန့်မှန်းထားပါသဖြင့်လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

**ကြွေးမြီအသုံးစရိတ်**

၈။ ပြည်ထောင်စုဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လ ပတ်ကြွေးမြီအသုံးစရိတ်လျာထားချက်မှာကျပ် ၃၉၂,၀၅၉.၆၄၈ သန်းဖြစ်ပြီး ၊အကောင်အထည် ဖော်နိုင်မှုမှာ ကျပ် ၄၂၂,၇၁၅.၃၅၉ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၇.၈၂ ဖြစ်ပါသည်။ လျာထားချက် ထက် ပိုမိုသုံးစွဲမှု ၊ လျော့နည်းသုံးစွဲမှုအခြေနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**(က) ပိုမိုသုံးစွဲခဲ့သောဝန်ကြီးဌာန (၇) ခုအနက် (၄) ခု၏ ပိုမိုသုံးစွဲရခြင်း ရှင်းလင်းချက် အကျဉ်းချုပ်**

(၁) **ပြည်ထဲရေးဝန်ကြီးဌာန။** လျာထားချက်ကျပ် ၁၆.၄၀၂ သန်း၊ သုံးစွဲမှု ကျပ် ၁၇.၉၆၈ သန်း၊ ရာခိုင်နှုန်း ၁၀၉.၅၅ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်း မှာကြွေးမြီ (အရင်း) ပြန်လည်ပေးဆပ်ခြင်းအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲခြင်း ကြောင့် ပိုမိုရခြင်းဖြစ် ပါသည်။

(၂) **နယ်စပ်ရေးရာဝန်ကြီးဌာန။** လျာထားချက်ကျပ် ၉၉.၁၁၉ သန်း၊ သုံးစွဲ မှုကျပ် ၁၀၈.၅၉၄ သန်း၊ ရာခိုင်နှုန်း ၁၀၉.၅၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရ ခြင်းမှာ ထိုင်းဈေးငွေအပေါ် အရင်းပြန်လည်ပေးဆပ်ရာတွင် နိုင်ငံခြားငွေ လဲလှယ်နှုန်း ပြောင်းလဲသွားခြင်းကြောင့် ပိုမိုရခြင်း ဖြစ်ပါသည်။

(၃) **သမဝါယမဝန်ကြီးဌာန။** လျာထားချက် ကျပ် ၃၀၆,၀၀၀.၀၀၀ သန်း၊ သုံးစွဲမှု ကျပ် ၃၃၈,၆၃၃.၉၀၄ သန်း၊ ရာခိုင်နှုန်း ၁၁၀.၆၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ Exam Bank of China ချေးငွေများ နိုင်ငံခြားငွေ လဲလှယ်နှုန်း မြင့်တက်သွားခြင်းကြောင့် ပိုမိုရခြင်းဖြစ်ပါသည်။

(၄) **မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန။** လျာ ထားချက် ကျပ် ၂၈၇.၀၀၀ သန်း၊ သုံးစွဲမှု ကျပ် ၃၁၄.၄၄၆ သန်း၊ ရာခိုင် နှုန်း ၁၀၉.၅၆ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ထိုင်းဈေးငွေဖြင့် ဝယ်ယူ ခြင်းအတွက် အရင်းပေးချေရန်ငွေလဲလှယ်နှုန်းမြင့်တက်ခြင်းကြောင့် ပိုမိုရ ခြင်းဖြစ်ပါသည်။

**(ခ) လျော့နည်းသုံးစွဲသောဝန်ကြီးဌာန(၄)ခုအနက်(၂)ခု၏ရှင်းလင်းချက်အကျဉ်းချုပ်**

(၁) **ကာကွယ်ရေးဝန်ကြီးဌာန။** လျာထားချက်ကျပ် ၁၀၄.၇၅၄ သန်းဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုမရှိပါ။ ယင်းသို့ဖြစ်ရခြင်းမှာ အရင်း ပေးဆပ်ရန်အချိန် မစေ့ရောက်သေးသောကြောင့်ဖြစ်ပါသည်။

(၂) **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန။** လျာထားချက် ကျပ် ၂,၁၃၈.၉၃၆ သန်း၊ သုံးစွဲမှုကျပ် ၀.၀၀၄ သန်း ဖြစ်ပါသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ အစုရှယ်ယာဝယ်ယူခြင်းမပြုတော့သဖြင့် ကျန်ရှိသည့်ငွေအား " GRF " သို့ အပ်နှံခဲ့ပြီးဖြစ်သောကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

**သုံးသပ်ချက်**

၉။ ပြည်ထောင်စုဝန်ကြီးဌာန၊ဦးစီးဌာနများ၏၂၀၁၅- ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ တွေ့ရှိသုံးသပ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ရငွေပိုင်းတွင် သာမန်ရငွေရရှိမှုမှာ ၁၀၃.၉၂ရာခိုင်နှုန်း ၊ ငွေလုံးငွေရင်းရငွေ ရရှိမှုမှာ ၉၇.၀၄ ရာခိုင်နှုန်း ၊ ကြွေးမြီရငွေရရှိမှုမှာ ၆၃.၇၀ ရာခိုင်နှုန်းဖြစ်၍ စုစုပေါင်း ရငွေရရှိမှုမှာ ၉၆.၂၀ ရာခိုင်နှုန်း ဖြစ်သဖြင့် သာမန်ရငွေပိုင်းတွင် တိုးတက် ရရှိခဲ့ပြီး ငွေလုံးငွေရင်းရငွေအပိုင်း၌ လျာထားချက်ကို ပြည့်လုနီးပါး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်းနှင့် ကြွေးမြီရငွေအပိုင်းတွင် လျာထားချက်ထက် လျော့နည်းရရှိကြောင်းတွေ့ရှိရပါသည်။

(ခ) သုံးငွေပိုင်းတွင် သာမန်အသုံးစရိတ်မှာ ၉၀.၉၀ ရာခိုင်နှုန်း ၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ၆၂.၄၃ ရာခိုင်နှုန်း ၊ ကြွေးမြီအသုံးစရိတ် မှာ ၁၀၇.၈၂ ဖြစ်၍ သုံးငွေစုစုပေါင်းအကောင်အထည်ဖော်နိုင်မှုမှာ ၈၄.၆၃ ရာခိုင်နှုန်း ဖြစ်သဖြင့်သာမန်အသုံးစရိတ်အပိုင်းတွင် လျာထားချက်နီးပါး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး ငွေလုံးငွေရင်းအသုံးစရိတ်များ လျာထားချက်ထက်လျော့နည်းသည်ကို တွေ့ရှိရပါသည်။ ကြွေးမြီအသုံးစရိတ်များမှာ လျာထားချက်ထက် ပြည့်မီကျော်လွန်ခဲ့သည်ကို တွေ့ရှိရပါသည်။

(ဂ) ပြည်ပအကူအညီရငွေများ၊ ချေးငွေများဖြင့် အကောင်အထည် ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပြည်ပအကူအညီရငွေများ၊ ချေးယူရငွေများ လျော့နည်းရရှိခြင်းနှင့် ပြည်ပမှပစ္စည်းများ အချိန်မီမရရှိခြင်းကြောင့် လျော့နည်းသုံးစွဲခြင်းဖြစ်သည်ကို တွေ့ ရပါသည်။

(ဃ) ငွေလုံးငွေရင်းသုံးငွေအပိုင်းတွင် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီနှင့်တည်ဆောက်ရေးကော်မတီတို့၏ ခွင့်ပြုချက်များရယူဆောင်ရွက်ရသဖြင့် လျာထားချက်ပြည့်မီအောင်ဆောင်ရွက်နိုင်မှုမရှိခြင်း၊ ကြွေးမြီသုံးငွေတွင် အရင်းပြန်လည်ပေးဆပ်ခြင်း နှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှုကြောင့် ပိုမိုသုံးစွဲရခြင်းများ ကိုတွေ့ရှိရပါသည်။

၁၀။ ဗဟိုအဖွဲ့အစည်းများ ၊ ပြည်ထောင်စုဝန်ကြီးဌာန ၊ ဦးစီးဌာနများသည် ပထမ(၆)လပတ်နှင့် ဒုတိယ(၆)လပတ် ရန်ပုံငွေရရှိမှု သုံးစွဲမှုများ လျာထားကြရာတွင် တစ်နှစ်ပတ်လုံးလျာထားချက်၏ ထက်ဝက်စီလျာထားရမည်ဟု ကန့်သတ်မထားပါ။ မိမိဌာန၏ သာမန်အရအသုံးနှင့် ငွေလုံးငွေရင်း အရအသုံးများ နှစ်အလိုက်ဖြစ်ပေါ်တတ်သည့် အခြေအနေပေါ်မူတည်၍ (၃)လပတ်အလိုက် အသေးစိတ်ထပ်မံလျာထားသင့်ပါသည်။(ဥပမာ - ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်း၊ ၃၀ ရာခိုင်နှုန်း)။ ယင်းသို့အမှန်အရအသုံးနှင့်နီးစပ်စေရန် ခွဲခြားလျာထားပြီးပါက(၃)လပတ်အလိုက် လျာထားချက်များကို နီးစပ်အောင် ထိန်းသိမ်းအကောင်အထည်ဖော်ခြင်းဖြင့် (၆)လပတ်စာရင်း များတွင်လည်း မူလလျာထားချက်နှင့် အမှန်အကောင်အထည်ဖော်နိုင်မှုကို ထပ်တူထပ်မျှ ဖြစ်သည်အထိ နီးစပ်လာစေရန် ကြိုးပမ်းသင့်ပါသည်။

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး | | | | | | | | |
| | | လူမှုဖူလုံရေးအဖွဲ့ | ၂၁၇၃၈.၀၀၀ | ၁၄၁၃၀.၁၄၈ | +၇၆၀၇.၈၅၂ | ၂၁၇၃၉.၈၂၁ | ၄၈၅၈.၈၁၂ | +၁၆၉၀၁.၀၀၉ | ၁၀၀.၁၀% | ၃၄.၃၉% |
| | | စုစုပေါင်း | ၂၁၇၃၈.၀၀၀ | ၁၄၁၃၀.၁၄၈ | +၇၆၀၇.၈၅၂ | ၂၁၇၃၉.၈၂၁ | ၄၈၅၈.၈၁၂ | +၁၆၉၀၁.၀၀၉ | ၁၀၀.၁၀% | ၃၄.၃၉% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေး | | | | | | | | |
| | | လူမှုဖူလုံရေးအဖွဲ့ | ၂၁၇၃၈.၀၀၀ | ၇၀၅၄.၀၉၈ | +၁၄၆၈၃.၉၀၂ | ၂၁၇၅၃.၂၈၂ | ၃၅၉၀.၂၀၈ | +၁၈၁၆၃.၀၇၄ | ၁၀၀.၀၇% | ၅၀.၉၀% |
| | | စုစုပေါင်း | ၂၁၇၃၈.၀၀၀ | ၇၀၅၄.၀၉၈ | +၁၄၆၈၃.၉၀၂ | ၂၁၇၅၃.၂၈၂ | ၃၅၉၀.၂၀၈ | +၁၈၁၆၃.၀၇၄ | ၁၀၀.၀၇% | ၅၀.၉၀% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ | | | | | | | | |
| | ၁ | အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး | | | | | | | | |
| | | လူမှုဖူလုံရေးအဖွဲ့ | | ၇၀၇၆.၀၅၀ | -၇၀၇၆.၀၅၀ | ၆.၅၃၉ | ၁၂၆၈.၆၀၄ | -၁၂၆၂.၀၆၅ | | ၁၇.၉၃% |
| | | စုစုပေါင်း | | ၇၀၇၆.၀၅၀ | -၇၀၇၆.၀၅၀ | ၆.၅၃၉ | ၁၂၆၈.၆၀၄ | -၁၂၆၂.၀၆၅ | | ၁၇.၉၃% |

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

**စုစုပေါင်းရငွေ**

၁။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ပထမ (၆)လပတ် စုစုပေါင်းရငွေလျာထားချက်မှာကျပ် ၂၁,၇၃၈.၁၀၀ သန်းဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၂၁, ၇၅၉.၈၂၁ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၁၀ ဖြစ်ပါသည်။ ပထမ(၆)လပတ် စုစုပေါင်းရငွေ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

**သာမန်ရငွေ**

၂။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ပထမ(၆)လပတ် လျာထားချက်မှာကျပ် ၂၁,၇၃၈.၁၀၀ သန်းဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၂၁,၇၅၃.၂၈၂သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၀.၀၇ ဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာ အလုပ်သမား များတိုးပွားလာသဖြင့် အာမခံအလုပ်သမားများမှ ပေးသွင်းသည့်ထည့်ဝင်ကြေးများ ပိုမိုရရှိခြင်း ကြောင့်ဖြစ်ပါသည်။

**ငွေလုံးငွေရင်းရငွေ**

၃။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ပထမ (၆)လပတ် လျာထားချက် လျာထားမှုမရှိသော်လည်း အကောင်အထည်ဖော်နိုင်မှုမှာကျပ် ၆.၅၃၉ သန်း ဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာ ထန်းတပင်ဆေးရုံအဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် ဘီးလင်းဆေးခန်း ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် ပိုငွေပြန်လည်ပေးသွင်းခြင်းကြောင့် ဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၄။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန ၊ ဦးစီးဌာနများ၏ ပထမ(၆) လပတ်လျာထားချက်မှာ ကျပ် ၁၄,၁၃၀.၁၄၈ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာကျပ် ၄,၈၅၈.၈၁၂သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၃၄.၃၉ ဖြစ်ပါသည်။ ပထမ(၆)လပတ် စုစုပေါင်းအသုံးစရိတ်လျာထားချက်ထက် လျော့နည်းသုံးစွဲကြောင်း တွေ့ရှိရပါသည်။

**သာမန်အသုံးစရိတ်**

၅။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သောဝန်ကြီးဌာန၊ဦးစီးဌာနများ၏ ပထမ (၆)လပတ်လျာထားချက် ကျပ်၇,၀၅၄.၁၉၈သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃,၅၉၀.၂၀၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း၅၀.၉၀ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ အခြေခံကွန်ပျူတာသင်တန်းများ

ဖွင့်လှစ်နိုင်မှုမရှိခြင်း၊ ရုံးခွဲနှင့်ဆေးခန်းများ ပြင်ဆင်ရန်အတွက် တင်ဒါခေါ်ယူဆောင်ရွက်ဆဲဖြစ်ခြင်း၊ အလုပ်ကိုအကြောင်းပြု၍ သေဆုံးခြင်းအတွက် ကျန်ရစ်သူငွေကြေးအကျိုးခံစားခွင့်၊ နာရေးစရိတ်ခံစားခွင့်များခွင့်ပြုခြင်း၊ မကျန်းမာမှုအကျိုးခံစားခွင့်ပြုခြင်းများသည် မမျှော်မှန်းနိုင်သောအသုံးစရိတ်ဖြစ်ခြင်း ၊ အာမခံထားသူများ၏မှတ်ပုံတင်ကဒ်ပြားကုန်ကျစရိတ်များ မသုံးစွဲဖြစ်ခြင်း၊ ပုံနှိပ်ရေးနှင့်စာရေးကိရိယာများ ဝယ်ယူရန် တင်ဒါခေါ်ဆောင်ရွက်နေဆဲဖြစ်ခြင်းကြောင့် ဖြစ်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

၆။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ၏ ပထမ(၆)လပတ်လျာထားချက်ကျပ် ၇,၀၇၆.၁၅၀သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာကျပ် ၁,၂၆၈.၆၀၄ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၇.၉၃ ဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာ အချို့သောဆောက်လုပ်ရေးလုပ်ငန်းများအတွက် ခေါင်းစဉ်လွှဲပြောင်းသုံးစွဲနိုင်ရန် ဆောင်ရွက်ဆဲဖြစ်ခြင်း၊ လုပ်ငန်းများဆောင်ရွက်နိုင်မှု မရှိသေးခြင်း၊ ဆေးပစ္စည်းကိရိယာများဝယ်ယူရန်တင်ဒါအောင်မြင်သော်လည်း ကုမ္ပဏီများအနေဖြင့် နိုင်ငံခြားမှပစ္စည်းများ အပြီးသတ်ပေးသွင်းနိုင်မှုမရှိသေးခြင်း ၊ ရုံးသုံးစက်ကိရိယာများ ၊ ယာဉ်များနှင့် ပရိဘောဂတွင် ကုမ္ပဏီများမှ ပစ္စည်းပေးသွင်းမှုမရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

**သုံးသပ်ချက်**

၇။ စုစုပေါင်းရငွေတွင် လျာထားချက်နှင့် အနီးစပ်ဆုံးအကောင်အထည်ဖော်နိုင်သော်လည်း စုစုပေါင်းအသုံးစရိတ်တွင် လျာထားချက်အပေါ် ၃၄.၃၉ ရာခိုင်နှုန်းသာ အကောင်အထည်ဖော်နိုင်ခဲ့သည်ကို အဖွဲ့အစည်းများအလိုက် ပြန်လည်သုံးသပ်၍ ဒုတိယ(၆)လပတ်တွင် လျာထားချက်နှင့် ကိုက်ညီအောင် သုံးစွဲနိုင်ရေး ကြိုးပမ်းသင့်ပါသည်။

နောက်ဆက်တွဲ(ဃ)



၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | မြန်ကြားရေး | ၁၁၆၄၅.၄၇၉ | ၁၅၁၄၅.၄၈၃ | -၃၅၀၀.၀၀၄ | ၁၄၁၄၉.၆၈၃ | ၁၄၀၆၅.၃၈၇ | +၈၄.၂၉၆ | ၁၂၀.၅၀% | ၉၂.၈၇% |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၃၀၀၀၀.၀၀၀ | ၁၄၅၉၃.၄၁၇ | +၁၅၄၀၆.၅၈၃ | ၂၅၆၉၇.၀၀၀ | ၁၃၁၄၄.၅၀၀ | +၁၂၅၅၂.၅၀၀ | ၈၅.၆၆% | ၉၀.၀၇% |
| | ၃ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာ | ၂၁၂၇၉၉.၅၃၈ | ၁၅၄၀၄၇.၀၆၁ | +၅၈၇၅၂.၄၇၇ | ၃၅၅၇၇၉.၉၀၁ | ၁၈၄၃၈၆.၈၆၂ | +၁၇၁၃၉၃.၀၃၉ | ၁၆၇.၀၉% | ၁၀၉.၇၀% |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၁၀၉၅၅၂.၀၈၀ | ၁၆၃၃၂၂.၆၅၁ | -၅၃၇၇၀.၅၇၁ | ၁၄၄၄၈၉.၈၁၁ | ၁၉၆၈၂၀.၃၄၃ | -၅၂၃၃၀.၅၃၂ | ၁၃၁.၈၉% | ၁၂၀.၅၁% |
| | ၅ | လျှပ်စစ်စွမ်းအား | ၉၃၇၇၉၁.၂၄၃ | ၉၈၂၉၉၁.၇၆၀ | -၄၅၂၀၀.၅၁၇ | ၇၀၉၁၁၀.၉၇၀ | ၉၀၀၇၃၂.၉၉၆ | -၁၉၁၆၂၂.၀၂၆ | ၇၅.၆၂% | ၉၁.၇၃% |
| | ၆ | စွမ်းအင် | ၁၇၈၇၁၈၅.၄၅၄ | ၁၄၅၁၃၇၈.၁၄၅ | +၃၃၅၈၀၇.၃၀၉ | ၁၃၂၀၄၁၄.၀၂၈ | ၁၂၂၄၂၁၀.၉၉၇ | +၉၆၂၀၃.၀၃၁ | ၇၃.၈၈% | ၈၄.၃၅% |
| | ၇ | စက်မှု | ၄၈၀၀၆.၄၅၂ | ၁၉၁၂၅၃.၂၇၃ | -၁၄၃၂၄၆.၈၂၁ | ၄၇၄၉၂.၂၄၅ | ၁၄၈၉၇၇.၉၄၂ | -၁၀၁၄၈၅.၆၉၇ | ၉၈.၉၃% | ၇၇.၉၀% |
| | ၈ | သတ္တုတွင်း | ၂၀၆၈၉၃.၀၁၃ | ၈၂၄၈၄.၄၈၅ | +၁၂၄၄၀၈.၅၂၈ | ၁၅၈၆၄၉.၁၆၈ | ၇၈၅၄၇.၆၅၁ | +၈၀၁၀၁.၅၁၇ | ၇၆.၆၈% | ၉၅.၂၃% |
| | ၉ | ဘဏ္ဍာရေး | ၁၉၂၈၆၅.၂၃၀ | ၁၉၀၆၀၀.၄၉၃ | +၂၂၆၄.၇၃၇ | ၂၀၆၅၉၄.၆၉၇ | ၁၈၉၁၈၇.၃၄၄ | +၁၇၄၀၇.၃၅၃ | ၁၀၇.၁၂% | ၉၉.၂၆% |
| | ၁၀ | ရထားပို့ဆောင်ရေး | ၄၅၉၀၆.၇၂၃ | ၁၁၇၁၀၃.၄၁၂ | -၇၁၁၉၆.၆၈၉ | ၃၃၂၂၄.၇၅၂ | ၉၁၀၀၀.၉၁၂ | -၅၇၇၇၆.၁၆၀ | ၇၂.၃၇% | ၇၇.၇၁% |
| | | စုစုပေါင်း | ၃၅၈၂၆၄၅.၂၁၂ | ၃၃၆၂၉၂၀.၁၈၀ | +၂၁၉၇၂၅.၀၃၂ | ၃၀၁၅၆၀၂.၂၅၅ | ၃၀၄၂၀၇၄.၉၃၄ | -၂၆၄၇၂.၆၇၉ | ၈၄.၁၇% | ၉၀.၄၆% |

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | ၁၁၆၄၅.၄၇၉ | ၁၄၀၇၀.၈၃၈ | -၂၄၂၅.၃၅၉ | ၁၄၁၄၉.၆၈၃ | ၁၃၃၂၃.၄၁၇ | +၈၂၆.၂၆၆ | ၁၂၁.၅၀% | ၉၄.၆၉% |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၃၀၀၀၀.၀၀၀ | ၁၄၅၇၈.၄၁၇ | +၁၅၄၂၁.၅၈၃ | ၂၅၆၉၇.၀၀၀ | ၁၃၁၄၃.၀၀၀ | +၁၂၅၅၄.၀၀၀ | ၈၅.၆၆% | ၉၀.၁၅% |
| | ၃ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာ | ၁၉၃၁၅၀.၀၀၀ | ၁၀၈၁၂၄.၈၆၁ | +၈၅၀၂၅.၁၃၉ | ၃၃၇၄၂၁.၁၇၃ | ၁၄၅၉၈၇.၁၄၄ | +၁၉၁၄၃၄.၀၂၉ | ၁၇၄.၆၉% | ၁၃၅.၀၂% |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၁၀၉၅၁၃.၈၃၀ | ၁၆၂၇၉၇.၄၂၅ | -၅၃၂၈၃.၅၉၅ | ၁၄၄၄၅၄.၀၅၅ | ၁၉၆၂၆၈.၀၁၀ | -၅၁၈၁၃.၉၅၅ | ၁၃၁.၉၀% | ၁၂၀.၅၆% |
| | ၅ | လျှပ်စစ်စွမ်းအား | ၈၅၆၂၃၅.၂၄၀ | ၇၈၆၁၄၅.၉၁၅ | +၇၀၀၈၉.၃၂၅ | ၆၇၁၁၁၇.၂၅၂ | ၇၂၇၀၀၂.၄၃၅ | -၅၅၆၈၅.၁၈၃ | ၇၈.၄၀% | ၉၂.၄၈% |
| | ၆ | စွမ်းအင် | ၁၇၈၇၁၈၅.၄၅၄ | ၁၃၉၈၃၄၅.၀၉၀ | +၃၈၈၈၄၀.၃၆၄ | ၁၂၉၉၀၃၂.၂၀၆ | ၁၁၇၄၀၇၁.၂၉၀ | +၁၂၄၉၆၀.၉၁၆ | ၇၂.၆၉% | ၈၃.၉၆% |
| | ၇ | စက်မှု | ၄၆၁၇၈.၄၄၂ | ၉၀၄၆၇.၇၁၁ | -၄၄၂၈၉.၂၆၉ | ၄၄၇၅၀.၅၁၀ | ၇၉၅၃၁.၇၇၅ | -၃၄၇၈၁.၂၆၄ | ၉၆.၉၁% | ၈၇.၉၁% |
| | ၈ | သတ္တုတွင်း | ၂၀၆၈၉၃.၀၁၃ | ၈၂၃၆၃.၄၂၈ | +၁၂၄၅၂၉.၅၈၅ | ၁၅၈၆၁၉.၆၀၅ | ၇၈၄၄၁.၉၀၃ | +၈၀၁၇၇.၇၀၂ | ၇၆.၆၇% | ၉၅.၂၄% |
| | ၉ | ဘဏ္ဍာရေး | ၁၉၂၂၄၀.၀၄၀ | ၇၇၈၂၅.၁၀၃ | +၁၁၄၄၁၄.၉၃၇ | ၂၀၆၅၉၄.၆၉၇ | ၁၈၂၄၈၀.၄၅၄ | +၂၄၁၁၄.၂၄၃ | ၁၀၇.၄၇% | ၁၀၂.၆၂% |
| | ၁၀ | ရထားပို့ဆောင်ရေး | ၃၉၃၂၉.၃၈၃ | ၇၄၄၅၁.၈၁၄ | -၃၅၁၂၂.၄၃၁ | ၃၂၃၃၂.၉၆၄ | ၅၆၅၄၇.၃၅၀ | -၂၄၁၇၄.၃၈၆ | ၈၂.၃၁% | ၇၅.၉၅% |
| | | စုစုပေါင်း | ၃၄၄၂၃၇၀.၈၈၁ | ၂၉၀၉၁၇၀.၆၀၂ | +၅၆၃၂၀၀.၂၇၉ | ၂၉၃၄၄၀၉.၁၄၆ | ၂၆၆၆၇၉၆.၇၇၈ | +၂၆၇၆၁၂.၃၆၈ | ၈၄.၅၁% | ၉၁.၆၇% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | | နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပြန်ကြားရေး | | ၁၀၇၄.၆၄၅ | -၁၀၇၄.၆၄၅ | | ၇၄၁.၉၇၀ | -၇၄၁.၉၇၀ | | ၆၉.၀၄% |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | | ၁၅.၀၀၀ | -၁၅.၀၀၀ | | ၁.၅၀၀ | -၁.၅၀၀ | | ၁၀.၀၀% |
| | ၃ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာ | ၁၈၃၅၈.၇၂၈ | ၃၈၁၅၅.၈၅၆ | -၁၉၇၉၇.၁၂၈ | ၁၈၃၅၈.၇၂၈ | ၂၉၆၉၆.၉၈၆ | -၁၁၃၃၈.၂၅၈ | ၁၀၀.၀၀% | ၇၇.၈၃% |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | ၃၈.၂၅၀ | ၈၅.၇၂၆ | -၄၇.၄၇၆ | ၃၅.၇၁၆ | ၇၉.၂၃၂ | -၄၃.၄၇၆ | ၉၃.၄၈% | ၉၂.၄၂% |
| | ၅ | လျှပ်စစ်စွမ်းအား | ၁၄၃၄၉.၀၉၅ | ၁၈၃၆၄၂.၁၂၆ | -၁၆၉၂၉၃.၀၃၁ | ၈၀၇၃.၈၂၆ | ၁၅၉၇၅၀.၀၂၉ | -၁၅၁၆၇၆.၂၀၃ | ၅၆.၂၇% | ၈၆.၉၉% |
| | ၆ | စွမ်းအင် | | ၂၀၂၂၈.၄၂၃ | -၂၀၂၂၈.၄၂၃ | ၅.၈၂၄ | ၁၆၅၉၇.၆၁၈ | -၁၆၅၉၁.၇၉၄ | | ၈၂.၀၅% |
| | ၇ | စက်မှု | ၁၈၂၈.၀၁၀ | ၇၇၄၆၀.၇၇၆ | -၇၅၆၃၂.၇၂၆ | ၂၇၄၁.၇၇၄ | ၅၈၈၃၇.၁၄၆ | -၅၆၀၉၅.၈၀၂ | ၁၄၉.၉၈% | ၇၅.၉၆% |
| | ၈ | သတ္တုတွင်း | | ၁၂၁.၀၅၇ | -၁၂၁.၀၅၇ | ၂၉.၅၆၃ | ၁၀၅.၇၄၈ | -၇၆.၁၈၅ | | ၈၇.၃၅% |
| | ၉ | ဘဏ္ဍာရေး | ၂၅၀.၀၇၆ | ၁၂၇၇၅.၃၉၀ | -၁၂၅၂၅.၃၁၄ | | ၆၇၀၆.၈၉၀ | -၆၇၀၆.၈၉၀ | | ၅၂.၅၀% |
| | ၁၀ | ရထားပို့ဆောင်ရေး | ၆၅၇၇.၃၄၀ | ၃၅၆၈၄.၃၅၁ | -၂၉၁၀၇.၀၁၁ | ၈၅၁.၇၈၈ | ၂၆၈၃၇.၇၄၃ | -၂၅၉၈၅.၉၅၅ | ၁၂.၉၅% | ၇၅.၂၀% |
| | | စုစုပေါင်း | ၄၁၄၀၁.၄၉၉ | ၃၆၉၂၄၃.၃၁၀ | -၃၂၇၈၄၁.၈၁၁ | ၃၀၀၉၇.၂၁၉ | ၂၉၉၃၅၅.၂၆၂ | -၂၆၉၂၅၈.၀၄၃ | ၇၂.၇၀% | ၈၁.၀၇% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊ သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | | **နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ** | | | | | | | | |
| | ၁ | ပြန်ကြားရေး | | | | | | | | |
| | ၂ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | | | | | | | | |
| | ၃ | ဆက်သွယ်ရေးနှင့်သတင်း အချက်အလက်နည်းပညာ | ၁၂၉၀.၈၁၀ | ၇၇၆၆.၃၄၄ | -၆၄၇၅.၅၃၄ | | ၈၇၀၂.၇၃၂ | -၈၇၀၂.၇၃၂ | | ၁၁၂.၀၆% |
| | ၄ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ | | ၄၃၉.၅၀၀ | -၄၃၉.၅၀၀ | | ၄၇၃.၁၀၁ | -၄၇၃.၁၀၁ | | ၁၀၇.၆၅% |
| | ၅ | လျှပ်စစ်စွမ်းအား | ၆၇၂၀၆.၉၀၈ | ၁၃၂၀၃.၇၁၉ | +၅၄၀၀၃.၁၈၉ | ၂၉၇၁၉.၈၉၂ | ၁၄၉၈၀.၅၃၂ | +၁၄၇၃၉.၃၆၀ | ၄၄.၂၂% | ၁၁၃.၄၆% |
| | ၆ | စွမ်းအင် | | ၃၂၈၀၄.၆၃၂ | -၃၂၈၀၄.၆၃၂ | ၂၁၃၇၅.၉၉၈ | ၃၃၅၄၂.၀၈၉ | -၁၂၁၆၆.၀၉၁ | | ၁၀၂.၂၅% |
| | ၇ | စက်မှု | | ၂၃၃၂၄.၈၂၆ | -၂၃၃၂၄.၈၂၆ | | ၁၀၆၀၈.၆၂၁ | -၁၀၆၀၈.၆၂၁ | | ၄၅.၄၈% |
| | ၈ | သတ္တုတွင်း | | | | | | | | |
| | ၉ | ဘဏ္ဍာရေး | ၃၇၅.၁၁၄ | | +၃၇၅.၁၁၄ | | | | | |
| | ၁၀ | ရထားပို့ဆောင်ရေး | | ၆၉၆၇.၂၄၇ | -၆၉၆၇.၂၄၇ | | ၇၆၁၅.၈၁၉ | -၇၆၁၅.၈၁၉ | | ၁၀၉.၃၀% |
| | | စုစုပေါင်း | ၆၈၈၇၂.၈၃၂ | ၈၄၅၀၆.၂၆၈ | -၁၅၆၃၃.၄၃၆ | ၅၁၀၉၅.၈၉၀ | ၇၅၉၂၂.၈၉၄ | -၂၄၈၂၇.၀၀၄ | ၇၄.၁၉% | ၈၉.၈၄% |

# နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်ရငွေ၊ သုံးငွေအပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

**စုစုပေါင်းရငွေ**

၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက် အရ စုစုပေါင်းရငွေ ကျပ် ၃,၅၈၂,၆၄၅ သန်း၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃,၀၁၅,၆၀၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၁၇ ဖြစ်ပါသည်။ လျာထားချက်ရငွေထက် ပိုမိုရရှိမှု၊ လျော့နည်းရရှိမှုတို့ကို အောက်ပါအတိုင်းတွေ့ရှိရပါသည်။

၂။ **သာမန်ရငွေ။** ပထမ(၆)လပတ်လျာထားချက် သာမန်ရငွေအပိုင်းတွင် စုစုပေါင်းကျပ် ၃,၄၇၂,၃၇၁ သန်း၊ ရရှိမှု ကျပ် ၂,၉၃၄,၄၀၉ သန်း၊ ရာခိုင်နှုန်း ၈၄.၅၁ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ ဝန်ကြီးဌာန (၄)ခုသည် လျာထားချက်ထက်ပိုမိုရရှိခဲ့ပြီး ဝန်ကြီးဌာန (၆)ခုမှာ လျာထားချက်အောက် လျော့နည်း ရရှိခဲ့၍ဖြစ်ပါသည်။ ယင်းဝန်ကြီးဌာန (၆)ခုအနက် ဝန်ကြီးဌာန (၄)ခုမှာ သိသာစွာလျော့နည်းခဲ့ပါသည်-

(က) **ပိုမိုရရှိခဲ့သော ဝန်ကြီးဌာန (၄)ခု နှင့် ပိုမိုရရှိသည့် ရှင်းလင်းချက် အကျဉ်းချုပ်**

(၁) **ပြန်ကြားရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁၁,၆၄၅ **သန်း**၊ ရရှိမှု ကျပ် ၁၄,၁၅၀ သန်း၊ ရာခိုင်နှုန်း ၁၂၁.၅၀ ဖြစ်ပါ သည်။ **ပိုမိုရခြင်းမှာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ဌာနဆိုင်ရာများမှ အပ်နှံလာသည့် ပုံနှိပ်လုပ်ငန်းများအတွက် ကြိုတင်ဝင်ငွေများ ပိုမိုရရှိခြင်းကြောင့် လျာထားချက် ထက်ပိုမိုရခြင်း ဖြစ်ပါသည်။**

(၂) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** ပထမ (၆) လပတ် လျာထားချက် ကျပ် ၁၉၃,၁၅၀ သန်း၊ ရရှိမှု ကျပ် ၃၃၇,၄၂၀ သန်း၊ ရာခိုင်နှုန်း ၁၇၄.၆၉ ဖြစ်ပါသည်။ ပိုမိုရခြင်းမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် KDDI / Summit Global Myanmar Co.ltd တို့ JO လုပ်ငန်းဆောင်ရွက်ရာတွင် Telecom လုပ်ငန်းမှ ရရှိသည့် Minimum Guarantee နှင့် အမြတ်ဝေစုများသည် ပထမ (၆)လပတ် လျာထား ချက်ထက် ပိုမိုရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၃) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။** ပထမ(၆) လပတ် လျာထားချက် ကျပ် ၁၀၉,၅၁၄ သန်း၊ ရရှိမှု ကျပ် ၁၄၄,၄၅၄ သန်း၊ ရာခိုင်နှုန်း ၁၃၁.၉၀ ဖြစ်ပါသည်။ ပိုမိုရရှိခြင်းမှာသစ်လုံးနှင့်သစ်ခွဲသားများ ရောင်းချရာတွင်

ပြည်တွင်း/ပြည်ပ ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနများမှ အိတ်ဖွင့်တင်ဒါစနစ်/ ဈေးပြိုင်လေလံစနစ်တို့ဖြင့် ရောင်းချခြင်းကြောင့် ပထမ(၆)လပတ် လျာထား ချက်ထက် ပိုမိုရခြင်း ဖြစ်ပါသည်။

(၄) **ဘဏ္ဍာရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁၉၂,၂၄၀ သန်း၊ ရရှိမှု ကျပ် ၂၀၆,၅၉၅ သန်း၊ ရာခိုင်နှုန်း ၁၀၇.၄၇ ဖြစ်ပါသည်။ ပိုမိုရရှိခြင်းမှာ မြန်မာ့အာမခံလုပ်ငန်းတွင် အသက်အာမခံ၊ ရေကြောင်းလေကြောင်းနှင့် ခရီးသွား အာမခံ၊ အင်ဂျင်နီယာမီးအာမခံ၊ အထွေထွေအာမခံနှင့် သူတပါး ထိခိုက်မှု အာမခံထားသူများ လျာထားချက်ထက် ပိုမိုလာသဖြင့် အာမခံလုပ်ငန်းမှ ဝင်ငွေ ပိုမိုရရှိခြင်း၊ လုံခြုံရေးနှင့်ဆိုင်သောပုံနှိပ်လုပ်ငန်းများတွင် ငွေစက္ကူရိုက်နှိပ်ခ ရငွေများ ပိုမိုရရှိခြင်း၊ ရင်ထိုးတံဆိပ်၊ ဆုတံဆိပ်၊ Passport စာအုပ်များ ပိုမို ထုတ်လုပ်ရောင်းချရခြင်းနှင့် ၂၀၁၂-၂၀၁၃ ခု၊ ဘဏ္ဍာရေးနှစ်တွင် ပိုသွင်းမိသည့် နိုင်ငံတော်သို့ထည့်ဝင်ငွေအတွက် ပြန်အမ်းငွေ ရငွေများ ပါဝင်ခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်းဖြစ်ပါသည်။

(ခ) **လျော့နည်းရရှိသော ဝန်ကြီးဌာန(၆)ခုအနက် လျော့နည်းမှုများပြားသောဝန်ကြီးဌာန (၄)ခု နှင့် လျော့နည်းရရှိသည့် ရှင်းလင်းချက် အကျဉ်းချုပ်—**

(၁) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၈၅၆,၂၃၅ သန်း၊ ရရှိမှု ကျပ် ၆၇၁,၃၁၇ သန်း၊ ရာခိုင်နှုန်း ၇၈.၄၀ ဖြစ်ပါသည်။ လျော့နည်း ရခြင်းမှာရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် မြန်မာ့လျှပ်စစ် ဓာတ်အားလုပ်ငန်းသို့ရောင်းချထားသည့် ဩဂုတ်လနှင့်စက်တင်ဘာလအတွက် ဓာတ်အားခများ မရရှိသေးသောကြောင့်လည်းကောင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းသည် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ရန်ကုန်လျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းတို့မှ ဩဂုတ်လနှင့်စက်တင်ဘာလအတွက် ဓါတ်အားခ ရငွေများမရရှိသေးခြင်းကြောင့်လည်းကောင်း ရငွေများလျော့နည်းခြင်း၊ လျှပ်စစ် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်ရှိ မန္တလေးတိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံးကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှစ၍ မန္တလေးလျှပ်စစ်ဓာတ်အား ပေးရေးကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းနှင့် ရန်ကုန်မြို့တော်လျှပ်စစ် ဓာတ်အားပေးရေးအဖွဲ့ကိုရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ်

ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းတို့ကြောင့် ပထမ(၃)လစာ ရငွေများသာပါဝင်ပြီး၊ နောက် (၃)လစာအတွက် ရငွေများကို ကော်ပိုရေးရှင်းသို့ ပြောင်းလဲလျာထားသဖြင့် ရငွေများလျော့နည်းရခြင်း ဖြစ်ပါသည်။

(၂) **စွမ်းအင်ဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက်တွင် ကျပ် ၁,၇၈၇,၁၈၅ သန်း၊ ရရှိမှု ကျပ် ၁,၂၉၉,၀၃၂ သန်း၊ ရာခိုင်နှုန်း ၇၂.၆၉ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းတွင် ကမ်းလွန်ရေနံရှာဖွေရေးမှ သဘာဝဓာတ်ငွေ့နှင့်လေဆီရောင်းချရငွေများ လျာထားချက်ထက် လျော့နည်းရရှိခဲ့ခြင်း၊ မြန်မာ့ရေနံဓါတုဗေဒလုပ်ငန်းတွင် ရေနံထွက်ပစ္စည်း၊ ယူရီးယား၊ ရေနံမီးသွေးနှင့် ရေနံဓါတ်ငွေ့ရည်များ ထုတ်လုပ်ရောင်းချရငွေများ လျာထားသည်ထက် လျော့နည်းရရှိခြင်း၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် စက်သုံးဆီရောင်းချရငွေများ၊ ပုဂ္ဂလိကအရောင်းဆိုင်များအတွက် ရရှိသောလိုင်စင်ကြေးများ၊ တင်ဒါပုံစံရောင်းရငွေများနှင့် သိုလှောင်ကန် ငှားရမ်းခရငွေများ လျာထားသည်ထက် လျော့နည်းရရှိခြင်း တို့ကြောင့် ဖြစ်ပါသည်။

(၃) **သတ္တုတွင်းဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက်တွင်ကျပ် ၂၀၆,၈၉၃ သန်း၊ ရရှိမှု ကျပ် ၁၅၈,၆၂၀ သန်း၊ ရာခိုင်နှုန်း ၇၆.၆၇ ဖြစ်ပါသည်။ ရငွေလျော့နည်းရခြင်းမှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် သတ္တုဈေးနှုန်းကျဆင်းခြင်းကြောင့် ပထမ(၆)လပတ်တွင် ရောင်းချမှုမပြုသေးခြင်း၊ အမှတ်(၃)သတ္တုတွင်း လုပ်ငန်းတွင် ဖယ်ရိုနီကယ်ဈေးနှုန်း ကျဆင်းခြင်းကြောင့်အဖွဲ့မှရရှိမည့် အချိုးဝေစု လျော့နည်းသွားခြင်း၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းတွင် အကျိုးတူကျောက်ရောင်းရငွေအပေါ် ခွဲဝေရရှိမည့်အချိုးကို ၄၀% မှ ၂၅% သို့လျော့ချလိုက်ခြင်း၊ ကျောက်မျက်ဥပဒေအရ ကောက်ခံသည့်ဝန်ဆောင်မှုအခွန် ၃% မှာ ယခင်က ပုဂ္ဂလိကလုပ်ငန်းရှင်များကို ကောက်ခံခဲ့သဖြင့် လျာထားချက်တွင် ထည့်သွင်းလျာထားခဲ့သော်လည်း ယခုကင်းလွတ်ခွင့်ပြုလိုက်ခြင်းစသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

(၄) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၃၉,၁၂၉ သန်း၊ ရရှိမှု ကျပ် ၃၂,၃၇၃ သန်း၊ ရာခိုင်နှုန်း ၈၂.၁၀ ဖြစ်ပါသည်။ လျော့နည်းရရှိခြင်းမှာ မြန်မာ့မီးရထားတွင် သဘာဝဘေးအန္တရာယ်ကြောင့် လမ်းပိုင်းအချို့ ပိတ်ခဲ့ရသဖြင့် လူစီးဝင်ငွေနှင့် ကုန်စည်ဝင်ငွေများ လျော့နည်းရရှိခြင်း၊

ကုန်းလမ်း ပို့ဆောင်ရေးတွင် သက်တမ်းကြာမြင့်သည့် အချို့လုပ်ငန်းသုံးယာဉ်များကို BER အပ်နှံယာဉ်အဖြစ် သတ်မှတ်ခဲ့သဖြင့် ပြေးဆွဲနေသည့်စီးရေ လျော့နည်းခဲ့ခြင်းကြောင့် ရငွေများလျော့နည်းခြင်း ဖြစ်ပါသည်။

၃။ **ငွေလုံးငွေရင်းရငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပထမ(၆)လပတ် ငွေလုံးငွေရင်းရငွေအပိုင်းတွင် စုစုပေါင်း ကျပ် ၄၁,၄၀၁ သန်း၊ ရရှိမှု ကျပ် ၃၀,၀၉၇ သန်း၊ ရာခိုင်နှုန်း ၇၂.၇၀ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ ဝန်ကြီးဌာန(၃)ခု သည် လျာထားချက်ထက် ပိုမိုရရှိခဲ့ပြီး ဝန်ကြီးဌာန (၄) ခုသည် လျာထားချက်အောက် လျော့နည်းရရှိခြင်းကြောင့်ဖြစ်ပါ သည်–

(က) **ပိုမိုရရှိခဲ့သော ဝန်ကြီးဌာန(၃)ခု နှင့် ပိုမိုရရှိသည့် ရှင်းလင်းချက် အကျဉ်းချုပ် –**

(၁) **စွမ်းအင်ဝန်ကြီးဌာန။** ပထမ(၆)လပတ်တွင် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှု ကျပ် ၅ သန်း ရရှိခဲ့ပါသည်။ ပိုမိုရရှိခြင်းမှာ မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းတွင် China National Aero Technology မှ Liquid Damage အတွက် ပစ္စည်းများ အချိန်မီ မရောက်ရှိသဖြင့် ဒဏ်ကြေးရငွေများမှာ လျာထားချက်တွင် မပါဝင်သော်လည်း ရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၂) **စက်မှုဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁,၈၂၈ သန်း၊ ရရှိမှု ကျပ် ၂,၇၄၂ သန်း၊ ရာခိုင်နှုန်း ၁၄၉.၉၈ ဖြစ်ပါသည်။ ပိုမိုရခြင်းမှာ လျာထားချက်တွင် မပါဝင်သော်လည်း ပုံသေပိုင်ပစ္စည်းများ၊ အသုံးမလို ပိုလျှံစက်ပစ္စည်းနှင့်အရန်စက်ပစ္စည်းများလေလံ တင်ရောင်းချရခြင်း၊ ရုံးအသုံးအဆောင်အဟောင်းများ၊ ဂိုဒေါင်အဆောက်အဦဟောင်းများရောင်းချရခြင်း ၊ စာရင်းစစ်စစ်ဆေးချက်အရ ပြန်လည်ပေးသွင်းငွေများ ရရှိခြင်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတွင် (၂၅)တန်ဘိလပ်မြေအိတ် စက္ကူ စက်ရုံဟောင်းနှင့် CTMP Pilot Plant ရောင်းရငွေများ ရရှိခြင်းတို့ကြောင့် လျာထားချက်ထက် ပိုမိုရခြင်း ဖြစ်ပါသည်။

(၃) **သတ္တုတွင်းဝန်ကြီးဌာန။** ပထမ(၆)လပတ်တွင် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှု ကျပ် ၃၀ သန်း ရရှိခဲ့ပါသည်။ ပိုမိုရရှိခြင်းမှာ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းတွင် ပုံသေပိုင်ပစ္စည်းများလေလံတင်ရောင်းချရခြင်းနှင့် အမှတ်(၃)သတ္တုတွင်းလုပ်ငန်းတွင် သိုလှောင်ရုံ လုပ်ငန်းခွဲနှင့် မုံရွာမြို့နယ် ထုတ်လုပ်မှုစခန်းမှ ဆယ်တင်ပစ္စည်းများရောင်းချ ရခြင်းတို့ကြောင့် ဖြစ်ပါသည်။

(ခ) လျော့နည်းရရှိခဲ့သော ဝန်ကြီးဌာန(၄)ခုအနက် လျော့နည်းမှုများပြားသော ဝန်ကြီးဌာန(၃)ခုနှင့် လျော့နည်းရရှိသည့် ရှင်းလင်းချက် အကျဉ်းချုပ်–

(၁) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁၄,၃၄၉ သန်း၊ ရရှိမှု ကျပ် ၈,၀၇၄ သန်း၊ ရာခိုင်နှုန်း ၅၆.၂၇ ဖြစ်ပါသည်။ လျော့နည်းရရှိခြင်းမှာ ရေအားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်ပအကူအညီ ရငွေများ ရရှိမည်ဟု လျာထားခဲ့သော်လည်း အပြည့်အဝမရရှိသဖြင့် ရငွေလျော့နည်းရခြင်း ဖြစ်ပါသည်။

(၂) **ဘဏ္ဍာရေးဝန်ကြီးဌာန။** ပထမ (၆) လပတ် လျာထားချက်တွင် မြန်မာ့စီးပွားရေးဘဏ်၌ ပြည်ပအကူအညီရငွေ ကျပ် ၂၅၀ သန်းရရှိမည်ဟု လျာထားခဲ့သော်လည်း ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်မည့် Core Banking လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိသေးသဖြင့် ပြည်ပအကူအညီရငွေကို မဖော်ပြခြင်း ဖြစ်ပါသည်။

(၃) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၆,၅၇၇ သန်း၊ ရရှိမှု ကျပ် ၈၅၂ သန်း၊ ရာခိုင်နှုန်း ၁၂.၉၅ ဖြစ်ပါသည်။ လျော့နည်းရရှိခြင်းမှာ မြန်မာ့မီးရထားတွင် ပထမ(၆)လပတ်၌ ပြည်ပအကူအညီရငွေများ ရရှိမည်ဟု လျာထားခဲ့သော်လည်း အပြည့်အဝမရရှိသဖြင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

၄။ **ကြွေးမြီရငွေ။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပထမ(၆)လပတ် ကြွေးမြီရငွေ အပိုင်းတွင် စုစုပေါင်း ကျပ် ၆၈,၈၇၃ သန်း၊ ရရှိမှု ကျပ် ၅၁,၀၉၆ သန်း၊ ရာခိုင်နှုန်း ၇၄.၁၉ ဖြစ်ပါသည်။ လျော့နည်းရရှိခြင်းမှာ ဝန်ကြီးဌာန(၁)ခုသည် လျာထားချက်ထက် ပိုမိုရရှိပြီး ဝန်ကြီးဌာန (၃)ခုသည် လျာထားချက်အောက် လျော့နည်းရရှိခဲ့ခြင်းကြောင့် ဖြစ်ပါသည်–

(က) ပိုမိုရရှိခဲ့သော ဝန်ကြီးဌာန(၁)ခုနှင့် ပိုမိုရရှိသည့် ရှင်းလင်းချက် အကျဉ်းချုပ်–

(၁) **စွမ်းအင်ဝန်ကြီးဌာန။** ပထမ(၆)လပတ်လျာထားချက်မရှိသော်လည်းအကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၂၁,၃၇၆ သန်း ရရှိခဲ့ပါသည်။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ လျာထားချက်၌ မပါရှိသော်လည်း ဇောတိကစီမံကိန်း၌ အစုရှယ်ယာထည့်ဝင်ထားခြင်းမှ ရငွေများပြန်လည်ရရှိသောကြောင့် ကြွေးမြီရငွေ ပိုမိုရခြင်း ဖြစ်ပါသည်။

(ခ) လျော့နည်းရရှိသည့် ဝန်ကြီးဌာန (၃) ခုနှင့် လျော့နည်းရရှိသည့် ရှင်းလင်းချက် အကျဉ်းချုပ် –

(၁) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန။** ပထမ (၆) လပတ်လျာထားချက်တွင် ချေးယူရငွေ ကျပ် ၁,၂၉၁ သန်း ရရှိမည်ဟု

လျာထားခဲ့သော်လည်း ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအတွက် ချေးငွေများ မရရှိခြင်းကြောင့် ဖြစ်ပါသည်။

(၂) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၆၇,၂၀၇ သန်း၊ ရရှိမှု ကျပ် ၂၉,၇၂၀ သန်း၊ ရာခိုင်နှုန်း ၄၄.၂၂ ဖြစ်ပါသည်။ မြန်မာ့လျှပ်စစ်ဓာတ်အား လုပ်ငန်းသည် Korea EDCF, CDB ချေးငွေ၊ ဂျပန်နိုင်ငံ ODA ချေးငွေ၊ သထုံ CCGT စီမံကိန်းအတွက် World Bank ကြွေးမြီရငွေများ မရရှိသေးခြင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းသည် JICA , ADB ကြွေးမြီရငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအချို့မှာ စာချုပ်ချုပ်ဆိုဆဲဖြစ်၍ ချေးယူရငွေအနည်းငယ် သာရရှိခြင်းနှင့်ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ သည် ၁-၇-၂၀၁၅ မှစ၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ သဖြင့် ကြွေးမြီရငွေများကို ကော်ပိုရေးရှင်းဘက်တွင် စာရင်းပြောင်းလျာထား ခြင်းတို့ကြောင့် ဖြစ်ပါသည်။

(၃) **ဘဏ္ဍာရေးဝန်ကြီးဌာန။** ပထမ(၆)လပတ်လျာထားချက်တွင် MEB ၌ ကြွေးမြီရငွေ ကျပ် ၃၇၅ သန်းရရှိမည်ဟု လျာထားသော်လည်း ကြွေးမြီရငွေဖြင့် ဆောင်ရွက်မည့် Core Banking Solution လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသေးသဖြင့် ကြွေးမြီရငွေကိုမဖော်ပြခြင်း ဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၅။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် စုစုပေါင်း အသုံးစရိတ်လျာထားချက် ကျပ် ၃,၃၆၂,၉၂၀ သန်း၊ အကောင်အထည်ဖော်နိုင်မှု ကျပ် ၃,၀၄၂,၀၇၅ သန်း ဖြစ်သဖြင့် လျာထားချက် အပေါ် ၉၀.၄၆ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၆။ **သာမန်အသုံးစရိတ်။** နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပထမ(၆)လပတ် သာမန် အသုံးစရိတ် အပိုင်းတွင် စုစုပေါင်း ကျပ် ၂,၉၀၉,၁၇၀ သန်းသုံးစွဲရန်လျာထားခဲ့သော်လည်း ကျပ် ၂,၆၆၆,၇၉၇ သန်းသုံးစွဲသဖြင့် လျာထားချက်အပေါ် ၉၁.၆၇ ရာခိုင်နှုန်း အကောင်အထည်ဖော် နိုင်ခဲ့ပါသည်။ လျော့နည်းရခြင်းမှာ ဝန်ကြီးဌာန(၃)ခုသည် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ပြီး ဝန်ကြီး ဌာန(၇)ခုသည် လျာထားချက်အောက် လျော့နည်းသုံးစွဲခဲ့ခြင်း ကြောင့်ဖြစ်ပါသည်-

(က) ပိုမိုသုံးစွဲခဲ့သောဝန်ကြီးဌာန (၃)ခုနှင့် ပိုမိုသုံးစွဲခဲ့သည့် ရှင်းလင်းချက် အကျဉ်းချုပ် –

(၁) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁၆၂,၇၉၇ သန်း၊ သုံးစွဲမှု ကျပ် ၁၉၆,၂၆၈ သန်း၊ ရာခိုင်နှုန်း ၁၂၀.၅၆ ဖြစ်ပါသည်။ နှစ်ဟောင်းအတွက်ပေးရန်ကျန်ရှိနေသော သစ်ထုတ် / သစ်သယ်စရိတ်များကို ပထမ(၆)လပတ်တွင် ပေးချေရခြင်း၊ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် သစ်အခြေခံကုန်ချောပစ္စည်းအပေါ် ပေးဆောင်ရမည့် ကုန်သွယ်လုပ်ငန်းခွန်ကို ၂% လျာထားခဲ့သော်လည်း ၅% ပေးချေရခြင်း၊ ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ဝင်ငွေခွန် ကြွေးကျန်ကို ပထမ (၆) လပတ်တွင် တစ်ကြိမ်တည်းပေးသွင်းရခြင်း တို့ကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။

(၂) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁၀၈,၁၂၅ သန်း၊ သုံးစွဲမှု ကျပ် ၁၄၅,၉၈၇ သန်း၊ ရာခိုင်နှုန်း ၁၃၅.၀၂ ဖြစ်ပါသည်။ ပိုမိုသုံးစွဲရခြင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင်ဝင်ငွေခွန်ကြွေးကျန်များပေးဆောင်ရန်ပထမ(၆)လပတ်တွင် လျာထားခြင်းမပြုခဲ့သော်လည်းပေးချေခဲ့ရခြင်းကြောင့် ပိုမိုသုံးစွဲခြင်း ဖြစ်ပါသည်။

(၃) **ဘဏ္ဍာရေးဝန်ကြီးဌာန။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၁၇၇,၈၂၅ သန်း၊ သုံးစွဲမှု ကျပ် ၁၈၂,၄၈၀ သန်း၊ ရာခိုင်နှုန်း ၁၀၂.၆၂ ဖြစ်ပါသည်။ ပိုမိုသုံးစွဲရခြင်းမှာ ပင်စင်ထုတ်ယူသည့်ဦးရေမှာ လျာထားချက်ထက် ပိုမိုခြင်း၊ ဘဏ်အပ်ငွေ ပမာဏ ပိုမိုများပြားလာသဖြင့် အပ်ငွေအပေါ်အတိုးပေးငွေများပိုမိုလာခြင်း၊ ATM လိုင်စင်ကြေးအား ပထမ(၆)လပတ်တွင် ပေးချေရန်လျာထားခြင်းမပြုခဲ့သော်လည်း စက်တင်ဘာလအတွင်း ပေးချေရသဖြင့် လျာထားချက်ထက်ပိုမိုခြင်း ဖြစ်ပါသည်။

(ခ) လျော့နည်းသုံးစွဲခဲ့သော ဝန်ကြီးဌာန(၇)ခုအနက် လျော့နည်းသုံးစွဲမှုများပြားသော ဝန်ကြီးဌာန(၃)ခုနှင့် လျော့နည်းသုံးစွဲခဲ့သည့် ရှင်းလင်းချက် အကျဉ်းချုပ် –

(၁) **စွမ်းအင်ဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၁,၃၉၈,၃၄၅ သန်း၊ သုံးစွဲမှုကျပ် ၁,၁၇၄,၀၇၁ သန်း၊ ရာခိုင်နှုန်း ၈၃.၉၆ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ လစာစရိတ်များအား လျာထားသည်ထက် လျော့နည်းသုံးစွဲခြင်း၊ စက်ဆီ၊ ချောဆီနှင့်ကုန်ကြမ်းပစ္စည်းများစိစစ်သုံးစွဲခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ

လျော့နည်းသုံးစွဲခြင်း၊ ဧည့်ခံစရိတ်၊ စီမံနှင့် သုတေသန စရိတ်များ စိစစ်ချွေတာသုံးစွဲခြင်း၊ပြင်ပမှရေနံစိမ်းဝယ်ယူရာတွင် လျာထားချက်ထက် လျော့နည်းဝယ်ယူခြင်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် ဝင်ငွေခွန်အား ပထမ(၃)လပတ် အတွက်သာ ပေးဆောင်ထားခြင်းနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးအသုံးစရိတ်အား ပထမ(၆)လပတ် အတွင်း လျာထားသည့်အတိုင်းသုံးစွဲနိုင်မှုမရှိခြင်းကြောင့် အသုံးစရိတ်များ လျာထားချက်ထက် လျော့နည်းခြင်းဖြစ်ပါသည်။

(၂) **စက်မှုဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၉၀,၄၆၈ သန်း၊ သုံးစွဲမှု ကျပ် ၇၉,၅၃၂ သန်း၊ ရာခိုင်နှုန်း ၈၇.၉၁ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းတွင် ဖွဲ့စည်းပုံပြောင်းလဲခြင်းကြောင့် ဝန်ထမ်းဦးရေ လျာထားသည်ထက်လျော့နည်းသဖြင့် လစာစရိတ်လျော့နည်းခြင်း၊ ပင်စင်စရိတ်များ လျာထားချက်ထက် လျော့နည်းခြင်းနှင့်ဧည့်ခံစရိတ်လျော့နည်းသုံးစွဲခြင်း၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် အမှတ်(၃၁)အကြီးစားစက်ရုံ(သရက်)မှာ ပုဂ္ဂလိကနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့သဖြင့် ပင်စင်အသုံးစရိတ်နှင့် အတိုးစရိတ်များသာ အဖွဲ့မှကျခံသုံးစွဲရခြင်းနှင့် ပြင်သစ်ချေးငွေပေါ်အတိုးမှာ ပထမ(၆)လပတ် လျာထားချက်ထက် လျော့နည်းပေးချေရခြင်း၊ အထည်အလိပ်လုပ်ငန်းတွင် ထုတ်လုပ်မှုများ လျာထားချက်ထက် လျော့နည်းထုတ်လုပ်ခြင်း၊ မူလတန်းကျောင်းစိမ်းဝတ်စုံများ ချုပ်လုပ်ရန်အတွက် ကုန်ကြမ်းဖိုးများအား ပေးချေခြင်း မပြုရသေးခြင်းနှင့် အခြားအသုံးစရိတ်များ စိစစ်သုံးစွဲခဲ့ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းခြင်း၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းတွင် စက်မှုဦးစီးဌာနမှ ပြောင်းလာမည့် သုတေသနဝန်ထမ်းများအတွက် ထည့်သွင်းရေးဆွဲခဲ့သော်လည်း ပထမ(၆)လပတ်အတွင်း ပြောင်းရွှေ့မှု မပြုသေးသဖြင့် လစာစရိတ် လျော့နည်းသုံးစွဲခြင်း၊ ပြည်ပမှကုန်ကြမ်းဝယ်ယူရန် လျာထားသော်လည်း ပထမ(၆)လပတ် အတွင်းမပေးချေရသေးခြင်းနှင့် ထုတ်လုပ်မှုစရိတ်များ လျော့နည်းသုံးစွဲခြင်းစသည်တို့ကြောင့် လျာထားချက်ထက် လျော့နည်းခြင်း ဖြစ်ပါသည်။

(၃) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက်ကျပ် ၇၄,၄၅၂ သန်း၊ သုံးစွဲမှု ကျပ် ၅၆,၅၄၇ သန်း၊ ရာခိုင်နှုန်း ၇၅.၉၅ ဖြစ်ပါသည်။ လျော့နည်းသုံးစွဲခြင်းမှာ မြန်မာ့မီးရထားတွင် သဘာဝဘေးအန္တရာယ်ကြောင့် ရထားပြေးဆွဲစင်းရေ လျော့နည်းခဲ့သဖြင့် ရထားလိုက်ဝန်ထမ်းများ၏ ခရီးစရိတ်၊ ပြင်ဆင် ထိန်းသိမ်းစရိတ်၊

စည့်ခံကျွေးမွေးစရိတ်၊ လုပ်ငန်းကုန်ကျစရိတ်များ လျော့နည်းခြင်း ၊ ငွေကြေး စရိတ်တွင်တရုတ်ချေးငွေအတွက် အတိုးပေးငွေများ လျော့နည်းပေးချေရခြင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးတွင် ကုန်ကြမ်းဝယ်ယူခြင်း အသုံးစရိတ်များ လျော့နည်း သုံးစွဲခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းခြင်းဖြစ်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

၇။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပထမ(၆)လပတ် ငွေလုံးငွေရင်းအသုံးစရိတ် အပိုင်းတွင် စုစုပေါင်း ကျပ် ၃၆၉,၂၄၃ သန်းသုံးစွဲရန်လျာထားခဲ့သော်လည်း ကျပ် ၂၉၉,၃၅၅ သန်း သုံးစွဲခဲ့၍ လျာထားချက် အပေါ် ၈၁.၀၇ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ပါသည်။ လျော့နည်းရခြင်းမှာ ဝန်ကြီးဌာန(၁၀)ခုသည် လျာထားချက်အောက် လျော့နည်းသုံးစွဲခဲ့ခြင်းကြောင့် ဖြစ်ပါသည်–

(က) **လျော့နည်းသုံးစွဲခဲ့သော ဝန်ကြီးဌာန(၁၀)ခုအနက် လျော့နည်းသုံးစွဲမှုများပြားသော ဝန်ကြီးဌာန(၇)ခုနှင့် လျော့နည်းသုံးစွဲခဲ့သည့် ရှင်းလင်းချက် အကျဉ်းချုပ် –**

(၁) **ပြန်ကြားရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက်ကျပ် ၁,၀၇၅ သန်း၊ သုံးစွဲမှု ကျပ် ၇၄၂ သန်း ၊ ရာခိုင်နှုန်း ၆၉.၀၄ ဖြစ်ပါသည်။ လျော့နည်းသုံးစွဲရခြင်းမှာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် ရုံးသုံးစက် ကိရိယာများ ဝယ်ယူရန် တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတွင် တင်ဒါခေါ်ယူပြီး ဖြစ်သော်လည်း ပစ္စည်းမရောက်ရှိသေးသဖြင့် ငွေမပေးချေ ရသေးသောကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

(၂) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** ပထမ (၆) လပတ်လျာထားချက် ကျပ် ၃၈,၁၅၆ သန်း ၊ သုံးစွဲမှု ကျပ် ၂၉,၆၉၇သန်း၊ ရာခိုင်နှုန်း ၇၇.၈၃ ဖြစ်ပါသည်။ လျော့နည်းသုံးစွဲရခြင်းမှာ မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းတွင် ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဗ်ဆက်ကြောင်းများ တိုးချဲ့ တပ်ဆင်ခြင်း၊ စီမံကိန်းအတွက် ကိုရီးယားချေးငွေ၏ Consultant Fee ပေးချေရန် လျာထား သော်လည်းပေးချေရမှုမရှိသေးခြင်းနှင့် စက်နှင့်စက်ပစ္စည်းများ ဝယ်ယူရန်အတွက် တင်ဒါခေါ်ယူပြီး စာချုပ်ချုပ်ဆိုဆဲဖြစ်ခြင်းကြောင့် အသုံးစရိတ် လျော့နည်းခြင်း ဖြစ်ပါ သည်။

(၃) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** ပထမ(၆)လပတ်လျာထားချက်ကျပ်၁၈၃,၆၄၂ သန်း၊ သုံးစွဲမှု ကျပ် ၁၅၉,၇၅၀ သန်း ၊ ရာခိုင်နှုန်း ၈၆.၉၉ ဖြစ်ပါသည်။ လျော့နည်းခြင်းမှာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းသည် ပြည်ပအကူအညီရငွေဖြင့်

ဆောင်ရွက်သောလုပ်ငန်းများအတွက် ပြည်ပမှပစ္စည်းများ အချိန်မီ မရောက်ရှိခြင်းကြောင့် အသုံးစရိတ်လျော့နည်းခြင်း၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် ဈေးငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် စာချုပ်ချုပ်ဆို ဝယ်ယူထားသော ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းပစ္စည်းများ မရောက်ရှိသေးခြင်းကြောင့် အသုံးစရိတ်လျော့နည်းခြင်း၊ အချို့လုပ်ငန်းများကိုတင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့သည် ၁-၇-၂၀၁၅ ရက်နေ့မှစ၍ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းအဖြစ်ပြောင်းလဲဖွဲ့စည်းခဲ့ခြင်းကြောင့် (၉)လစာ အသုံးစရိတ်များကို ကော်ပိုရေးရှင်းဘက်သို့ပြောင်းလဲလျာထားခြင်း တို့ကြောင့်ဖြစ်ပါသည်။

(၄) **စွမ်းအင်ဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၂၀,၂၂၈ သန်း၊ သုံးစွဲမှု ကျပ် ၁၆,၅၉၈ သန်း၊ ရာခိုင်နှုန်း ၈၂.၀၅ ဖြစ်ပါသည်။ လျော့နည်းခြင်းမှာ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းတွင် ပထမ(၆)လပတ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းများဆောင်ရွက်ဆဲဖြစ်သဖြင့် လုပ်ငန်းများ အပြည့်အဝပြီးစီးမှုမရှိသေးခြင်းကြောင့် ငွေအကြေမပေးချေရသေးခြင်း၊ ပိုက်လိုင်းဆက်သွယ်ရေးလုပ်ငန်းများဆောင်ရွက်ဆဲကာလဖြစ်ခြင်း၊ စက်ပစ္စည်းဝယ်ယူရာတွင် တင်ဒါခေါ်ယူစိစစ်ဆဲဖြစ်ခြင်းနှင့် အချို့စက်ပစ္စည်းများ အပြည့်အဝ ဝယ်ယူနိုင်မှုမရှိသေးခြင်း တို့ကြောင့် အသုံးစရိတ်များ လျော့နည်းခြင်း ဖြစ်ပါသည်။

(၅) **စက်မှုဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၇၇,၄၆၁ သန်း၊ သုံးစွဲမှု ကျပ် ၅၈,၈၃၈ သန်း၊ ရာခိုင်နှုန်း ၇၅.၉၆ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းတွင် ပထမ(၆)လပတ်လျာထားချက်တွင် ထည့်သွင်းလျာထားသည့် တည်ဆောက်ရေးလုပ်ငန်းများ ပြီးပြတ်မှုမရှိခြင်းကြောင့် လျာထားချက်အတိုင်းမပေးချေရခြင်း၊ စီမံကိန်းပြီးစီးလျှင် ပေးချေရမည့် (FAC) တန်ဖိုးအားလျာထားချက်အတိုင်းမပေးချေနိုင်ခြင်း၊အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် စက်ပစ္စည်းများဝယ်ယူရန် ဈေးနှုန်းစိစစ်ရေးကော်မတီသို့တင်ပြထားဆဲဖြစ်ခြင်း၊အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းတွင် တည်ဆောက်ရေးလုပ်ငန်းများ တင်ဒါခေါ်ထားဆဲဖြစ်ခြင်းနှင့် အမှတ်(၃)အကြီးစား စက်ရုံ(သရက်)မှာ ပုဂ္ဂလိကနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် စက်ပစ္စည်းနှင့်အခြား အသုံးစရိတ်များကိုပုဂ္ဂလိကနှင့်အကျိုးတူ

လုပ်ငန်းမှကျခံသုံးစွဲခြင်း၊ အထည်အလိပ်လုပ်ငန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုမပြီးပြတ်ခြင်းကြောင့် လျာထားချက်အတိုင်းမပေးချေရသေးခြင်း၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းအသုံးစရိတ်များအား တည်ဆောက်ရေးလုပ်ငန်းများ စိစစ်ရေးကော်မတီမှ စိစစ်ပြီးလုပ်ငန်းပြီးစီးမှုရာခိုင်နှုန်းအလိုက်ငွေပေးချေရခြင်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတွင် စက္ကူစက်ရုံ (သာပေါင်း)၏ကောဇတစ်ဆိုဒါစက်ရုံ(သထုံ)၌ ပထမအကြိမ်ပေးချေရန်အတွက် အတိုးနှင့်ကတိခံကြေးအား End-User အဖြစ် သတ်မှတ်နိုင်ခြင်းမရှိသဖြင့် မပေးချေရသေးခြင်း၊ အဆောက်အဦ များဆောက်လုပ်ရန် တရုတ် Norico Co; ၏ Design အပြည့်အစုံမရသေးသဖြင့် ဆောက်လုပ်မှုမပြုရသေးခြင်း၊ ဌာနပိုင်ရေယာဉ်အား လျာထားသည့်အတိုင်းပြင်ဆင်မှု မပြုနိုင်သေးခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

(၆) **ဘဏ္ဍာရေးဝန်ကြီးဌာန။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၁၂,၇၇၅ သန်း၊ သုံးစွဲမှု ကျပ် ၆,၇၀၇ သန်း၊ ရာခိုင်နှုန်း ၅၂.၅၀ ဖြစ်ပါသည်။ လျော့နည်းခြင်းမှာ တင်ဒါစနစ်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ တင်ဒါအောင်ပြီးသော်လည်း ငွေပေးချေရမှုမရှိသေးခြင်း၊ မြန်မာ့စီးပွားရေးဘဏ် သင်တန်းကျောင်းအတွက် မြေနေရာဝယ်ယူရန် လျာထားသော်လည်းမဝယ်ယူဖြစ်သေးခြင်း၊ Core Banking Solution လုပ်ငန်းအကောင်အထည်မဖော်နိုင်သေးခြင်းနှင့်ပြည်ပမှမှာယူသော စက်ပစ္စည်းများအချိန်မီမရောက်ရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းသုံးစွဲခြင်းဖြစ်ပါသည်။

(၇) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၃၅,၆၈၄ သန်း၊ သုံးစွဲမှု ကျပ် ၂၆,၈၃၈ သန်း၊ ရာခိုင်နှုန်း ၇၅.၂၁ ဖြစ်ပါသည်။ လျော့နည်းသုံးစွဲခြင်းမှာ မြန်မာ့မီးရထား၏တည်ဆောက်ရေးလုပ်ငန်းများတွင် တင်ဒါခေါ်ယူပြီးဆောင်ရွက်ဆဲဖြစ်ခြင်းနှင့် ဆောင်ရွက်ပြီးလုပ်ငန်းများအတွက် အပြည့်အဝငွေပေးချေနိုင်မှုမရှိသေးခြင်း၊ စက်ပစ္စည်းများအချိန်မီဝယ်ယူနိုင်မှုမရှိသေးခြင်း၊ ကုန်းလမ်းပို့ဆောင်ရေးတွင် ဟသ်ာတဌာနခွဲအတွက် လျှပ်စစ်တာဝါတိုင်အား ဌာနခွဲအပြင်ဘက်သို့ ပြောင်းရွှေ့ခြင်း ကိစ္စကိုလျာထားသည့်အတိုင်း ဆောင်ရွက်နိုင်မှုမရှိခြင်းတို့ကြောင့် လျော့နည်းခြင်းဖြစ်ပါသည်။

၈။ ကြွေးမြီအသုံးစရိတ်။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ပထမ(၆)လပတ်ကြွေးမြီအသုံးစရိတ်အပိုင်းတွင် စုစုပေါင်း ကျပ် ၈၄,၅၀၆ သန်းသုံးစွဲရန်လျာထားသော်လည်း ကျပ် ၇၅,၈၂၃ သန်းသုံးစွဲသဖြင့် လျာထားချက်အပေါ် ၈၉.၈၄ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ လျော့နည်းသုံးစွဲရခြင်းမှာ ဝန်ကြီးဌာန(၅)ခုသည် လျာထားချက်ထက်ပိုမိုသုံးစွဲခဲ့ပြီး ဝန်ကြီးဌာန(၁)ခုသည် လျာထားချက်အောက် လျော့နည်းသုံးစွဲခဲ့ခြင်း ကြောင့် ဖြစ်ပါသည်-

(က) ပိုမိုသုံးစွဲခဲ့သော ဝန်ကြီးဌာန(၅)ခုနှင့် ပိုမိုသုံးစွဲခဲ့သည့် ရှင်းလင်းချက် အကျဉ်းချုပ်-

(၁) **ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန။** ပထမ (၆) လပတ်လျာထားချက် ကျပ် ၇,၇၆၆ သန်း ၊ သုံးစွဲမှု ကျပ် ၈,၇၀၃သန်း၊ ရာခိုင်နှုန်း ၁၁၂.၀၆ ဖြစ်ပါသည်။ ပိုမိုသုံးစွဲခြင်းမှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ထိုင်း၊ အိန္ဒိယ၊တရုတ်၊ကိုရီးယားချေးငွေများ အရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးမြင့်လာခြင်းကြောင့် လျာထားချက်ထက် ပိုမိုခြင်း ဖြစ်ပါသည်။

(၂) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန။** ပထမ (၆) လပတ်လျာထားချက် ကျပ် ၄၄၀ သန်း ၊ သုံးစွဲမှု ကျပ် ၄၇၃သန်း၊ ရာခိုင်နှုန်း ၁၀၇.၆၅ ဖြစ်ပါသည်။ ပိုမိုသုံးစွဲခြင်းမှာ ဧရာဝတီ - ကျောက်ဖယား - မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာအကောင်အထည်ဖော်ရေးဦးစီးကော်မတီသို့ ချေးငွေပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းတိုးမြင့်လာခြင်းကြောင့် လျာထားချက်ထက်ပိုမိုခြင်း ဖြစ်ပါသည်။

(၃) **လျှပ်စစ်စွမ်းအားဝန်ကြီးဌာန။** ပထမ(၆)လပတ်လျာထားချက်ကျပ် ၁၃,၂၀၄ သန်း၊ သုံးစွဲမှု ကျပ် ၁၄,၉၈၁ သန်း ၊ ရာခိုင်နှုန်း ၁၁၃.၄၆ ဖြစ်ပါသည်။ ပိုမိုသုံးစွဲခြင်းမှာ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းတွင် ကင်းတားစက်ရုံ၊ ဇော်ဂျီစက်ရုံနှင့် ရဲရွာစက်ရုံတို့အတွက် ချေးငွေပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းတိုးမြင့်လာခြင်းကြောင့် လျာထားချက်ထက် ပိုမိုခြင်းဖြစ်ပါသည်။

(၄) **စွမ်းအင်ဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၃၂,၈၀၅ သန်း၊ သုံးစွဲမှု ကျပ် ၃၃,၅၄၂ သန်း၊ ရာခိုင်နှုန်း ၁၀၂.၂၅ ဖြစ်ပါသည်။ ပိုမိုသုံးစွဲခြင်းမှာ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် MITI LOAN၊ THAI LOAN၊ BUYER CREDIT LOAN၊ INDIA LOAN (TLN) နှင့် KFW LOAN အရင်းပေးဆပ်ရာ၌ နိုင်ငံခြားငွေလဲလှယ်နှုန်း တိုးမြင့်လာခြင်းကြောင့် လျာထားချက်ထက်ပိုမိုခြင်း ဖြစ်ပါသည်။

(၅) **ရထားပို့ဆောင်ရေးဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၆,၉၆၇ သန်း၊ သုံးစွဲမှု ကျပ် ၇,၆၁၆ သန်း၊ ရာခိုင်နှုန်း ၁၀၉.၃၁ ဖြစ်ပါသည်။ ပိုမိုသုံးစွဲခြင်းမှာ မြန်မာ့မီးရထား၏ အိန္ဒိယချေးငွေနှင့်တရုတ်ချေးငွေ အရင်းပေးဆပ်ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းတိုးမြင့်လာမှုကြောင့် လျာထားချက်ထက်ပိုမိုခြင်း ဖြစ်ပါသည်။

(ခ) လျော့နည်းသုံးစွဲခဲ့သော ဝန်ကြီးဌာန(၁)ခုနှင့် လျော့နည်းသုံးစွဲခဲ့သည့် ရှင်းလင်းချက် အကျဉ်းချုပ်–

(၁) **စက်မှုဝန်ကြီးဌာန။** ပထမ(၆)လပတ် လျာထားချက်မှာ ကျပ် ၂၃,၃၂၅သန်း၊ သုံးစွဲမှု ကျပ် ၁၀,၆၀၉ သန်း၊ ရာခိုင်နှုန်း ၄၅.၄၈ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းအောက်ရှိ အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ) အတွက်အရင်းပေးဆပ်ရန် ပထမ(၆)လပတ်တွင်လျာထားခဲ့သော်လည်း အကြောင်းကြားစာမရရှိသေးသဖြင့်ပေးဆပ်မှုမပြုရသေးခြင်း၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းတွင် ကိုရီးယားချေးငွေပေးဆပ်ရာ၌ နိုင်ငံခြားငွေလဲလှယ်နှုန်း လျော့ကျသွားခြင်းကြောင့် လျော့နည်းခြင်း၊ စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်းတွင် အိန္ဒိယချေးငွေအရင်းပေးဆပ်ရန် တောင်းခံစာမရရှိသေးခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းသုံးစွဲခြင်း ဖြစ်ပါသည်။

၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေး | ၉၇၅၁၆.၀၁၂ | ၈၅၈၇၃.၀၅၄ | +၁၁၆၄၂.၉၅၈ | ၇၀၇၁၄.၉၆၅ | ၆၅၁၀၇.၄၉၅ | +၅၆၀၇.၄၇၀ | ၇၂.၅၂% | ၇၅.၈၂% |
| | ၂ | လျှပ်စစ်စွမ်းအား | | | | ၁၁၉၄၈၁.၃၈၂ | ၈၃၄၆၁.၃၇၈ | +၃၆၀၂၀.၀၀၄ | | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | ၁၁၃၁၃၄.၆၄၈ | ၆၉၈၆၅.၅၃၆ | +၄၃၂၆၉.၁၁၂ | | |
| | | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | ၆၃၄၆.၇၃၄ | ၁၃၅၉၅.၈၄၂ | -၇၂၄၉.၁၀၈ | | |
| | | စုစုပေါင်း | ၉၇၅၁၆.၀၁၂ | ၈၅၈၇၃.၀၅၄ | +၁၁၆၄၂.၉၅၈ | ၁၉၀၁၉၆.၃၄၇ | ၁၄၈၅၆၈.၈၇၃ | +၄၁၆၂၇.၄၇၄ | ၁၉၅.၀၄% | ၁၇၃.၀၀% |

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| | ၁ | ပို့ဆောင်ရေး | ၇၆၈၇၉.၃၇၂ | ၆၄၈၉၉.၁၅၄ | +၁၁၉၈၀.၂၁၈ | ၅၉၄၄၃.၄၆၉ | ၅၁၄၁၃.၄၅၀ | +၈၀၃၀.၀၁၉ | ၇၇.၃၂% | ၇၉.၂၂% |
| | ၂ | လျှပ်စစ်စွမ်းအား | | | | ၁၁၉၂၁၃.၇၇၇ | ၈၂၄၆၁.၂၁၆ | +၃၆၇၅၂.၅၆၁ | | |
| | | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | ၁၁၂၈၆၇.၀၄၃ | ၆၈၈၆၅.၃၇၄ | +၄၄၀၀၁.၆၆၉ | | |
| | | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | ၆၃၄၆.၇၃၄ | ၁၃၅၉၅.၈၄၂ | -၇၂၄၉.၁၀၈ | | |
| | | စုစုပေါင်း | ၇၆၈၇၉.၃၇၂ | ၆၄၈၉၉.၁၅၄ | +၁၁၉၈၀.၂၁၈ | ၁၇၈၆၅၇.၂၄၆ | ၁၃၃၈၇၄.၆၆၆ | +၄၄၇၈၂.၅၈၀ | ၂၃၂.၃၇% | ၂၀၆.၂၈% |

## ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေး | ၉၁၈၀.၀၀၀ | ၁၈၀၆၆.၇၃၀ | -၈၈၈၆.၇၃၀ | ၁၉၈၉.၂၄၆ | ၁၀၃၈၆.၇၁၁ | -၈၃၉၇.၄၆၅ | ၂၁.၆၇% | ၅၇.၄၉% |
| ၂ | လျှပ်စစ်စွမ်းအား | | | | | ၁၀၀၀.၁၆၂ | -၁၀၀၀.၁၆၂ | | |
| | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | | ၁၀၀၀.၁၆၂ | -၁၀၀၀.၁၆၂ | | |
| | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း | | | | | | | | |
| | စုစုပေါင်း | ၉၁၈၀.၀၀၀ | ၁၈၀၆၆.၇၃၀ | -၈၈၈၆.၇၃၀ | ၁၉၈၉.၂၄၆ | ၁၁၃၈၆.၈၇၃ | -၉၃၉၇.၆၂၇ | ၂၁.၆၇% | ၆၃.၀၃% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ကြွေးမြီစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အတွက် အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ်အတွက် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၄ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ | | | | | | | | |
| ၁ | ပို့ဆောင်ရေး | ၁၁၄၅၆.၆၄၀ | ၂၉၀၇.၁၇၀ | +၈၅၄၉.၄၇၀ | ၉၂၈၂.၂၅၀ | ၃၃၀၇.၃၃၄ | +၅၉၇၄.၉၁၆ | ၈၁.၀၂% | ၁၁၃.၇၆% |
| ၂ | လျှပ်စစ်စွမ်းအား | | | | ၂၆၇.၆၀၅ | | +၂၆၇.၆၀၅ | | |
| | ၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | | | | ၂၆၇.၆၀၅ | | +၂၆၇.၆၀၅ | | |
| | ၂။ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | | | | | | | | |
| | စုစုပေါင်း | ၁၁၄၅၆.၆၄၀ | ၂၉၀၇.၀၇၀ | +၈၅၄၉.၄၇၀ | ၉၅၄၉.၈၅၅ | ၃၃၀၇.၃၃၄ | +၆၂၄၂.၅၂၁ | ၈၃.၃၆% | ၁၁၃.၇၆% |

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်ရငွေ၊ သုံးငွေ အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**စုစုပေါင်းရငွေ**

၁။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှ ဆောင်ရွက်သော ပို့ဆောင်ရေးဝန်ကြီးဌာန အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ (၆)လပတ် လျာထားချက်အရ စုစုပေါင်းရငွေ ကျပ် ၉၇,၅၁၆ သန်း ရရှိရန်လျာထားသော်လည်း ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၇၀,၇၁၅ သန်း ဖြစ်သဖြင့် လျာထားချက် အပေါ် ၇၂.၅၂ ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့ပါသည်။

၂။ **သာမန်ရငွေ။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၇၆,၈၇၉ သန်း၊ ရရှိမှု ကျပ် ၅၉,၄၄၃ သန်း၊ ရာခိုင်နှုန်း ၇၇.၃၂ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး တွင် စီးပွားရေးတွက်ခြေမကိုက်သောခရီးလမ်းများ ပိတ်သိမ်းရ၍ ဝင်ငွေလျော့နည်းခြင်း၊ ကုန်တင်ယာဉ်၊ တွဲရေယာဉ်များငှားရမ်းခရငွေ လျော့နည်းရရှိခြင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် ရေယာဉ်များတည် ဆောက်ခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ရရန်ရှိသောကြွေးကျန်များကို လျာထားချက်အတိုင်းမရရှိ သေးခြင်း၊ မြန်မာအမျိုးသားလေကြောင်းတွင် ပျံသန်းချိန်နာရီလျော့နည်းခြင်းနှင့် စင်းလုံးငှားရမ်းခရငွေ များလျော့နည်းရရှိခြင်းတို့ကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

၃။ **ငွေလုံးငွေရင်းရငွေ။** ပထမ(၆)လပတ်လျာထားချက်ကျပ် ၉,၁၈၀ သန်း၊ရရှိမှု ကျပ် ၁,၉၈၉ သန်း၊ ရာခိုင်နှုန်း ၂၁.၆၇ ဖြစ်ပါသည်။ လျော့နည်းရခြင်းမှာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးတွင် ဂျပန်နိုင်ငံမှ ထောက်ပံ့ငွေ (Grant) မရရှိခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

၄။ **ကြွေးမြီရငွေ။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၁၁,၄၅၇ သန်း၊ ရရှိမှု ကျပ် ၉,၂၈၂ သန်း၊ ရာခိုင်နှုန်း ၈၁.၀၂ ဖြစ်ပါသည်။ မြန်မာအမျိုးသားလေကြောင်းတွင် ATR 72-600 လေယာဉ်(၆) စီး ဝယ်ယူရန်အတွက် ECA Europe ချေးငွေမရရှိခြင်းကြောင့် လျာထားချက်ထက် လျော့နည်းရခြင်း ဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၅။ ပထမ(၆)လပတ်လျာထားချက် ကျပ် ၈၅,၈၇၃ သန်း၊ သုံးစွဲမှု ကျပ် ၆၅,၁၀၇ သန်း၊ ရာခိုင်နှုန်း ၇၅.၈၂ ဖြစ်ပါသည်။

၆။ **သာမန်အသုံးစရိတ်။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၆၄,၈၉၉ သန်း၊ သုံးစွဲမှု ကျပ် ၅၁,၄၁၃ သန်း၊ ရာခိုင်နှုန်း ၇၉.၂၂ ဖြစ်ပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် ဌာနကူးပြောင်းဝန်ထမ်းများရှိခြင်းကြောင့် လစာနှင့်စရိတ်တွင် လျော့နည်းခြင်း၊ ရေယာဉ်များ အခေါက်ရေလျော့နည်းပြေးဆွဲခြင်းကြောင့်စက်မောင်းဆီအသုံးစရိတ်လျော့နည်းခြင်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် ပြင်ဆင်ထိန်းသိမ်းစရိတ်၌ လုပ်ငန်းများဆောင်ရွက်ဆဲဖြစ်၍ လျာထားသည့်အတိုင်းမသုံးစွဲနိုင်ခြင်း၊ စည်ပင်စရိတ်များမပေးချေရသေးခြင်း၊ မြန်မာ့သင်္ဘောကျင်းလုပ်ငန်းတွင် ရေယာဉ်များလျာထားသည့် အတိုင်းဆောက်လုပ်ခြင်းနှင့် ပြင်ဆင်မှုမပြုနိုင်ခြင်း၊ မြန်မာအမျိုးသားလေကြောင်းတွင် လေယာဉ်အရန်ပစ္စည်းများ၊ လေယာဉ်ဆီဘိုးများပေးချေရန် ပထမ(၆)လပတ်တွင်လျာထားသော်လည်း ငွေပေးချေမှုများ မပြုရသေးခြင်း ၊ ငှားရမ်းသုံးစွဲနေ သော Embraer လေယာဉ်(၂)စီး အတွက် Maintainence Reserve ပေးချေရန် လျာထားသော်လည်း အပြည့်အဝမပေးချေရသေးခြင်းတို့ကြောင့် လျာထားချက်ထက်လျော့နည်းခြင်း ဖြစ်ပါသည်။

၇။ **ငွေလုံးငွေရင်းအသုံးစရိတ်။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၁၈,၀၆၇ သန်း၊ သုံးစွဲမှု ကျပ် ၁၀,၃၈၇ သန်း၊ ရာခိုင်နှုန်း ၅၇.၄၉ ဖြစ်ပါသည်။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးတွင် Japan နိုင်ငံမှ ထောက်ပံ့ငွေ(Grant) ပထမ(၆)လပတ်တွင် မရရှိ၍ လုပ်ငန်းများ မဆောင်ရွက်နိုင်ခြင်း၊ မြန်မာ့သင်္ဘောကျင်း လုပ်ငန်းတွင် စက်ပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါခေါ်ယူပြီးဆောင်ရွက်ဆဲဖြစ်ခြင်းကြောင့် လျာထားချက်ထက် လျော့နည်းခြင်း ဖြစ်ပါသည်။

၈။ **ကြွေးမြီအသုံးစရိတ်။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၂,၉၀၇ သန်း၊ သုံးစွဲမှု ကျပ် ၃,၃၀၇ သန်း၊ ရာခိုင်နှုန်း ၁၁၃.၇၆ ဖြစ်ပါသည်။ မြန်မာအမျိုးသားလေကြောင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်လာမှုကြောင့် လျာထားချက်ထက် ပိုမိုသုံးစွဲခြင်းဖြစ်ပါသည်။

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ကော်ပိုရေးရှင်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်ရငွေ၊ သုံးငွေ အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**စုစုပေါင်းရငွေ**

၁။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တို့ကို (၁-၇-၂၀၁၅) ရက်နေ့မှစတင်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ကော်ပိုရေးရှင်း များအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သောကြောင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထား ချက်တွင် ရငွေလျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင် ဇူလိုင်လမှစက်တင်ဘာလ အထိ (၃)လအတွက် ရငွေမှာ ကျပ် ၁၁၉,၄၈၁ သန်း ရရှိခဲ့ပါသည်။

၂။ **သာမန်ရငွေ။** ပထမ(၆)လပတ်တွင် ဇူလိုင်လမှ စက်တင်ဘာလ အထိ (၃) လအတွက် ရငွေ ကျပ် ၁၁၉,၂၁၄ သန်း ရရှိ ခဲ့ပါသည်။

၃။ **ကြွေးမြီရငွေ။** ပထမ(၆)လပတ်တွင် ဇူလိုင်လမှ စက်တင်ဘာလ အထိ (၃)လအတွက် ရငွေ ကျပ် ၂၆၇ သန်း ရရှိ ခဲ့ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၁။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း တို့ကို (၁-၇-၂၀၁၅) ရက်နေ့ မှ စတင်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ကော်ပိုရေးရှင်း များအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သောကြောင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်လျာထား ချက်တွင် အသုံးစရိတ်လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှုတွင် ဇူလိုင်လမှစက်တင်ဘာလ အထိ (၃)လအတွက် အသုံးစရိတ်မှာ ကျပ် ၈၃,၄၆၁ သန်း ဖြစ်ပါသည်။

၂။ **သာမန်အသုံးစရိတ်။** ပထမ(၆)လပတ်တွင် ဇူလိုင်လမှစက်တင်ဘာလအထိ (၃) လအတွက် အသုံးစရိတ် ကျပ် ၈၂,၄၆၁ သန်း ဖြစ်ပါသည်။

၃။ **ငွေလုံးငွေရင်းအသုံးစရိတ်။** ပထမ(၆)လပတ်တွင် ဇူလိုင်လမှ စက်တင်ဘာလအထိ (၃)လ အတွက် အသုံးစရိတ် ကျပ် ၁,၀၀၀ သန်း ဖြစ်ပါသည်။

၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁။ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၈၆၀၁၁.၀၁၉ | ၅၁၄၇၆.၅၀၉ | +၁၃၄၅၃၄.၅၁၀ | ၁၈၁၀၄၉.၁၆၁ | ၆၆၇၂၀.၃၂၇ | +၁၁၄၃၂၈.၈၃၄ | ၉၇.၃၃% | ၁၂၉.၆၀% |
| | စုစုပေါင်း | ၁၈၆၀၁၁.၀၁၉ | ၅၁၄၇၆.၅၀၉ | +၁၃၄၅၃၄.၅၁၀ | ၁၈၁၀၄၉.၁၆၁ | ၆၆၇၂၀.၃၂၇ | +၁၁၄၃၂၈.၈၃၄ | ၉၇.၃၃% | ၁၂၉.၆၀% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေသုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဥ် | | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|---|
| | | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၇၄၉၀၄.၄၆၂ | ၃၇၅၈၅.၂၀၉ | +၁၃၇၃၁၉.၂၅၃ | ၁၇၂၈၈၀.၂၂၅ | ၅၈၃၃၉.၆၅၉ | +၁၁၄၅၄၀.၅၆၆ | ၉၈.၈၄% | ၁၅၅.၂၂% |
| | | စုစုပေါင်း | ၁၇၄၉၀၄.၄၆၂ | ၃၇၅၈၅.၂၀၉ | +၁၃၇၃၁၉.၂၅၃ | ၁၇၂၈၈၀.၂၂၅ | ၅၈၃၃၉.၆၅၉ | +၁၁၄၅၄၀.၅၆၆ | ၉၈.၈၄% | ၁၅၅.၂၂% |

၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃၃ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | ၁၁၁၀၆.၅၅၇ | ၁၃၈၉၁.၃၀၀ | -၂၇၈၄.၇၄၃ | ၈၁၆၈.၉၃၆ | ၈၃၈၀.၆၆၈ | -၂၁၁.၇၃၂ | ၇၃.၅၅% | ၆၀.၃၃% |
| | စုစုပေါင်း | ၁၁၁၀၆.၅၅၇ | ၁၃၈၉၁.၃၀၀ | -၂၇၈၄.၇၄၃ | ၈၁၆၈.၉၃၆ | ၈၃၈၀.၆၆၈ | -၂၁၁.၇၃၂ | ၇၃.၅၅% | ၆၀.၃၃% |

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏
# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက်ရငွေ၊ သုံးငွေ အပေါ် အကောင်အထည်ဖော်နိုင်မှု အခြေအနေ

**စုစုပေါင်းရငွေ**

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်လျာထားချက်အရ စုစုပေါင်း ရငွေ ကျပ် ၁၈၆,၀၁၁ သန်း ရရှိရန် လျာထားသော်လည်း ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁၈၁,၀၄၉ သန်းဖြစ်သဖြင့် လျာထားချက်အပေါ် ၉၇.၃၃ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

၂။ **သာမန်ရငွေ။** ပထမ(၆)လပတ် လျာထားချက် ရငွေ ကျပ် ၁၇၄,၉၀၄ သန်း၊ ရရှိမှု ကျပ် ၁၇၂,၈၈၀ သန်း ၊ ရာခိုင်နှုန်း ၉၈.၈၄ ဖြစ်ပါသည်။ အစိုးရငွေတိုက်စာချုပ်များ အာမခံထား၍ ချေးငွေများ ထုတ်ချေးရာတွင် ပုဂ္ဂလိကဘဏ်များမှ ချေးယူမှုမရှိသည့်အတွက် ရရှိမည့်အတိုးရငွေများ လျာထားချက်ထက် လျော့နည်းရခြင်းဖြစ်ပါသည်။

၃။ **ငွေလုံးငွေရင်းရငွေ။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၁၁,၁၀၇ သန်း၊ ရရှိမှု ကျပ် ၈,၁၆၉ သန်း ၊ ရာခိုင်နှုန်း ၇၃.၅၅ ဖြစ်ပါသည်။ JICA မှ ထောက်ပံ့ငွေဖြင့်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ရငွေများ လျာထားချက်အတိုင်း အပြည့်အဝမရရှိခြင်းကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၄။ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် လျာထားချက် ကျပ် ၅၁,၄၇၇ သန်း၊ သုံးစွဲမှု ကျပ် ၆၆,၇၂၀ သန်း၊ ရာခိုင်နှုန်း ၁၂၉.၆၁ ဖြစ်ပါသည်။

၅။ **သာမန်အသုံးစရိတ်။** ပထမ(၆)လပတ် လျာထားချက် ကျပ် ၃၇,၅၈၅ သန်း၊ သုံးစွဲမှု ကျပ် ၅၈,၃၄၀ သန်း၊ ရာခိုင်နှုန်း ၁၅၅.၂၂ ဖြစ်ပါသည်။ Deposit Auction အတွက်ပေးရသော အတိုးနှုန်းကို သတ်မှတ်အတိုးနှုန်း ၄% မှ Open Interest သို့ပြောင်းလဲ ဆောင်ရွက်ခဲ့ခြင်းကြောင့် အတိုးပေးငွေပိုမိုပေးရခြင်း၊ ငွေစက္ကူရိုက်နှိပ်ခနှင့် ငွေဒင်္ဂါးသွန်းခများ၊ ဘဏ္ဍာငွေသယ်ယူပို့ဆောင်ခများနှင့် ငွေစင်တုံးများဝယ်ယူခြင်းတို့အတွက် လျာထားချက်ထက် ပိုမိုပေးချေရခြင်းတို့ကြောင့် ဖြစ်ပါသည်။

၇။ **ငွေလုံးငွေရင်းအသုံးစရိတ်။** ပထမ(၆)လပတ်လျာထားချက် ကျပ် ၁၃,၈၉၁ သန်း၊ သုံးစွဲမှု ကျပ် ၈,၃၈၁ သန်း၊ ရာခိုင်နှုန်း ၆၀.၃၃ ဖြစ်ပါသည်။ ရန်ကင်းဘဏ်ရိပ်သာ RC အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းမှာ အပြည့်အဝပြီးစီးမှုမရှိသေးသဖြင့် လျာထားချက်အတိုင်းမပေးချေရသေးခြင်းနှင့် JICA ထောက်ပံ့ငွေ အပြည့်အဝမရရှိသဖြင့်ထောက်ပံ့ငွေဖြင့်သုံးစွဲမည့်အသုံးစရိတ်များ လျော့နည်းသုံးစွဲခြင်းကြောင့် ဖြစ်ပါသည်။

သုံးသပ်ချက်

၁။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် ရငွေ၊ သုံးငွေများ အကောင်အထည်ဖော်နိုင်မှုအား အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ရငွေအပိုင်း အကောင်အထည်ဖော်နိုင်မှုမှာ သာမန်ရငွေရရှိမှု ၈၄.၅၁ ရာခိုင်နှုန်း၊ ငွေလုံးငွေရင်းရငွေ ရရှိမှု ၇၂.၇၀ ရာခိုင်နှုန်း ၊ ကြွေးမြီရငွေရရှိမှု ၇၄.၁၉ ရာခိုင်နှုန်း၊ စုစုပေါင်းရငွေ ရရှိမှု ၈၄.၁၇ ရာခိုင်နှုန်း ဖြစ်သဖြင့် သာမန်ရငွေမှာ လျာထားချက်ကို အနီးစပ်ဆုံး အကောင်အထည် ဖော်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းရငွေနှင့် ကြွေးမြီ ရငွေတို့ကို အနီးစပ်ဆုံးလျာထားရန် လိုအပ်ပါသည်။

(ခ) သုံးငွေအပိုင်းတွင် သာမန်အသုံးစရိတ် ၉၁.၆၇ ရာခိုင်နှုန်း ၊ ငွေလုံးငွေရင်းအသုံးစရိတ် ၈၁.၀၇ ရာခိုင်နှုန်း၊ ကြွေးမြီအသုံးစရိတ် ၈၉.၈၄ ရာခိုင်နှုန်း၊ စုစုပေါင်းသုံးငွေ အကောင်အထည် ဖော်နိုင်မှု ရာခိုင်နှုန်းမှာ ၉၀.၄၆ ရာခိုင်နှုန်း ဖြစ်သဖြင့် သာမန်အသုံးစရိတ်မှာ လျာ ထားချက်ကို နီးစပ်စွာ အကောင်အထည်ဖော်နိုင်ခဲ့သော်လည်း ငွေလုံးငွေရင်းအသုံး စရိတ်နှင့် ကြွေးမြီအသုံးစရိတ်တို့ အကောင်အထည်ဖော်နိုင်မှုမှာ လျာထားချက်အောက် လျော့နည်းသဖြင့် အနီးစပ်ဆုံးလျာထားရန် လိုအပ်ပါသည်။

(ဂ) ကြွေးမြီအရ၊ အသုံးကို ထည့်သွင်းစဉ်းစားခြင်းမပြုပါက ရငွေပိုင်းတွင် ၈၄.၃၇ ရာခိုင်နှုန်း၊ အသုံးစရိတ်ပိုင်းတွင် ၉၀.၄၈ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ဃ) ပြည်ပအကူအညီရငွေများ၊ ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပြည်ပအကူအညီရငွေများ၊ ချေးယူရငွေများ လျော့နည်းရရှိခြင်းနှင့် ပြည်ပမှ ပစ္စည်းများ အချိန်မီမရောက်ရှိသဖြင့် ငွေလုံးငွေရင်းအသုံးစရိတ်များ လျော့နည်း သုံးစွဲခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

(င) ကြွေးမြီရငွေရရှိမှုမှာ ၇၄.၁၉ ရာခိုင်နှုန်းနှင့် ကြွေးမြီအသုံးစရိတ်မှာ ၈၉.၈၄ ရာခိုင်နှုန်း ဖြစ်သည်ကိုတွေ့ရှိရသဖြင့် ကြွေးမြီရငွေကို ပိုမိုနီးစပ်စေရန် ခန့်မှန်းလျာထားသင့် ပါသည်။

(စ) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် ဖိုင်ဘာဆက်ကြောင်းနှင့် မိုက္ကရိုဝေ့ဖ်ဆက်ကြောင်းများ တိုးချဲ့တပ်ဆင်ခြင်း စီမံကိန်းအတွက် ကိုရီးယားချေးငွေမရရှိခြင်းကြောင့်လည်းကောင်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနတွင် EDCF Loan၊ CDB Loan၊ ODA Loan၊World Bank Loan၊ JICA၊ ADB Loan များစာချုပ်ချုပ်ဆိုဆဲဖြစ်ခြင်းနှင့် ချေးငွေထုတ်ယူရန်

ဆောင်ရွက်ဆဲ ဖြစ်ခြင်းတို့ကြောင့်လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ်တွင် Core Banking Solution လုပ်ငန်းကိုဆောက်ရွက်နိုင်မှု မရှိသေးသဖြင့် World Bank Loan ရယူခြင်းမပြုသေးခြင်းကြောင့်လည်းကောင်း လျော့နည်းခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

(ဆ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအားလုံးကို ပေါင်းပါက ရငွေတွင် ကွဲလွဲမှု ၁၅.၈၃ ရာခိုင်နှုန်း၊ သုံးငွေတွင်ကွဲလွဲမှု ၉.၅၄ ရာခိုင်နှုန်းဖြစ်သဖြင့် ရငွေတွင် ၁၀ ရာခိုင်နှုန်း ကျော်နှင့် သုံးငွေတွင် ၁၀ ရာခိုင်နှုန်း နီးပါးကွဲလွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ အချုပ်အားဖြင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် စာရင်းလျာထားချက်အပေါ် ယေဘုယျအားဖြင့် နီးစပ်စွာ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**သုံးသပ်ချက်**

၃။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပထမ(၆)လပတ်နှင့်ဒုတိယ(၆)လပတ် ရန်ပုံငွေ ရရှိမှု သုံးစွဲမှုများလျာထားကြရာတွင် တစ်နှစ်ပတ်လုံးလျာထားချက်၏ ထက်ဝက်စီလျာထားရမည်ဟု ကန့်သတ်မထားပါ။ မိမိအဖွဲ့အစည်း၏ သာမန်အရအသုံးနှင့် ငွေလုံးငွေရင်းအရအသုံးများ နှစ်အလိုက် ဖြစ်ပေါ်တတ်သည့် အခြေအနေပေါ်မူတည်၍ (၃)လပတ်အလိုက် အသေးစိတ်ထပ်မံ လျာထားသင့် ပါသည်။ (ဥပမာ - ၁၀ ရာခိုင်နှုန်း ၊ ၂၀ ရာခိုင်နှုန်း ၊ ၄၀ ရာခိုင်နှုန်း ၊ ၃၀ ရာခိုင်နှုန်း)။ ယင်းသို့အမှန် အရအသုံးနှင့်နီးစပ်စေရန် ခွဲခြားလျာထားပြီးပါက (၃)လပတ်အလိုက် လျာထားချက်များကို နီးစပ်အောင် ထိန်းသိမ်းအကောင်အထည်ဖော်ခြင်းဖြင့် (၆)လပတ်စာရင်းများတွင်လည်း မူလလျာထားချက်နှင့် အမှန်အကောင် အထည်ဖော်နိုင်မှုကို ထပ်တူထပ်မျှ ဖြစ်သည်အထိ နီးစပ်လာစေရန် ကြိုးပမ်းသင့်ပါသည်။

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)
## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း
## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဥ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၄၅၈.၄၈၈ | ၅၇၀.၉၆၀ | -၁၁၂.၄၇၂ | ၅၇၈.၁၉၈ | ၅၁၇.၈၉၈ | +၆၀.၃၀၀ | ၁၂၆.၁၁% | ၉၀.၇၁% |
| | စုစုပေါင်း | ၄၅၈.၄၈၈ | ၅၇၀.၉၆၀ | -၁၁၂.၄၇၂ | ၅၇၈.၁၉၈ | ၅၁၇.၈၉၈ | +၆၀.၃၀၀ | ၁၂၆.၁၁% | ၉၀.၇၁% |

## ၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ၄၅၈.၄၈၈ | ၅၃၀.၂၆၀ | -၇၁.၇၇၂ | ၅၇၈.၁၉၈ | ၄၇၇.၁၉၈ | +၁၀၁.၀၀၀ | ၁၂၆.၁၁% | ၈၉.၉၉% |
| | စုစုပေါင်း | ၄၅၈.၄၈၈ | ၅၃၀.၂၆၀ | -၇၁.၇၇၂ | ၅၇၈.၁၉၈ | ၄၇၇.၁၉၈ | +၁၀၁.၀၀၀ | ၁၂၆.၁၁% | ၈၉.၉၉% |

၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | | ၄၀.၇၀၀ | -၄၀.၇၀၀ | | ၄၀.၇၀၀ | -၄၀.၇၀၀ | | ၁၀၀.၀၀% |
| | စုစုပေါင်း | | ၄၀.၇၀၀ | -၄၀.၇၀၀ | | ၄၀.၇၀၀ | -၄၀.၇၀၀ | | ၁၀၀.၀၀% |

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏
## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်
## လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**စုစုပေါင်းရငွေ**

၁။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ပထမ(၆)လပတ် စုစုပေါင်းရငွေလျာထားချက်မှာ ကျပ် ၄၅၈.၄၈၈ သန်းဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှုမှာကျပ် ၅၇၈.၁၉၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၆.၁၁ ဖြစ်ပါသည်။ ပထမ(၆)လပတ် စုစုပေါင်းရငွေလျာထားချက်ကို ပြည့်မီကျော်လွန်အောင်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရပါသည်။

**သာမန်ရငွေ**

၂။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ပထမ(၆)လပတ် လျာထားချက်မှာကျပ်၄၅၈.၄၈၈သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာကျပ် ၅၇၈.၁၉၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၂၆.၁၁ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ တပ်နယ်များ၏နယ်နိမိတ်အတွင်းနှင့် တပ်နယ်ဈေးများအတွင်း သန့်ရှင်းရေး ဆောင်ရွက်ပေးခြင်းကြောင့် ရရှိသောအခွန်အခများကြောင့် ပိုမိုရခြင်းဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၃။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ပထမ(၆)လပတ် စုစုပေါင်းအသုံးစရိတ်လျာထားချက်မှာ ကျပ် ၅၇၀.၉၆၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၅၁၇.၈၉၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၉၀.၇၁ ဖြစ်ပါသည်။ ပထမ(၆)လပတ်စုစုပေါင်းအသုံးစရိတ်လျာထားချက်ထက် လျော့နည်းသုံးစွဲကြောင်း တွေ့ရှိရပါသည်။

**သာမန်အသုံးစရိတ်**

၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ပထမ(၆)လပတ်လျာထားချက် ကျပ်၅၃၀.၂၆၀ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၄၇၇.၁၉၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၉.၉၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ မိမိရန်ပုံငွေဖြင့် လုပ်ငန်းများလည်ပတ်ရသော အဖွဲ့အစည်းဖြစ်သဖြင့် လက်ရှိရန်ပုံငွေဖြင့်လုံလောက်အောင် သုံးစွဲရပ်တည်နိုင်ရေး၊ ငွေကြေးဖောင်းပွမှု မရှိစေရေးတို့အတွက် အသုံးစရိတ်များ စိစစ်သုံးစွဲခြင်းတို့ကြောင့်ဖြစ်ပါသည်။

**သုံးသပ်ချက်**

၅။ စုစုပေါင်းရငွေတွင် ၁၂၆.၁၁ ရာခိုင်နှုန်းဖြစ်သဖြင့် လျာထားချက်ထက် ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ စုစုပေါင်းအသုံးစရိတ်တွင်လည်း ၉၀.၇၁ ရာခိုင်နှုန်း အကောင်အထည်ဖော်နိုင်ပါသည်။သို့ဖြစ်၍ ဒုတိယ(၆)လပတ်တွင် ရငွေဆက်လက်တိုးမြှင့်ရရှိရေး ၊ အသုံးစရိတ်ထိန်းသိမ်းရေး တို့ကို ကြိုးပမ်းသင့်ပါသည်။

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်ကောင်စီ | ၄၉.၄၀၀ | ၃၄၆၇၆.၁၉၃ | -၃၄၆၂၆.၇၉၃ | ၄၁.၇၄၈ | ၄၈၁၆၃.၉၂၈ | -၄၈၁၂၂.၁၈၀ | ၈၄.၅၁% | ၁၃၈.၉၀% |
| | စုစုပေါင်း | ၄၉.၄၀၀ | ၃၄၆၇၆.၁၉၃ | -၃၄၆၂၆.၇၉၃ | ၄၁.၇၄၈ | ၄၈၁၆၃.၉၂၈ | -၄၈၁၂၂.၁၈၀ | ၈၄.၅၁% | ၁၃၈.၉၀% |

## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်ကောင်စီ | ၄၉.၄၀၀ | ၁၆၇၆.၁၉၃ | -၁၆၂၆.၇၉၃ | ၁၄.၁၁၈ | ၁၁၆၄.၅၀၃ | -၁၁၅၀.၃၈၅ | ၂၈.၅၈% | ၆၉.၄၇% |
| | စုစုပေါင်း | ၄၉.၄၀၀ | ၁၆၇၆.၁၉၃ | -၁၆၂၆.၇၉၃ | ၁၄.၁၁၈ | ၁၁၆၄.၅၀၃ | -၁၁၅၀.၃၈၅ | ၂၈.၅၈% | ၆၉.၄၇% |

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## နေပြည်တော်ကောင်စီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်ကောင်စီ | | ၃၃၀၀၀.၀၀၀ | -၃၃၀၀၀.၀၀၀ | ၂၇.၆၃၀ | ၄၆၉၉၉.၄၂၅ | -၄၆၉၇၀.၇၉၅ | | ၁၄၂.၄၂% |
| | စုစုပေါင်း | | ၃၃၀၀၀.၀၀၀ | -၃၃၀၀၀.၀၀၀ | ၂၇.၆၃၀ | ၄၆၉၉၉.၄၂၅ | -၄၆၉၇၀.၇၉၅ | | ၁၄၂.၄၂% |

## နေပြည်တော်ကောင်စီ၏
## ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်
## လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**စုစုပေါင်းရငွေ**

၁။ နေပြည်တော်ကောင်စီ၏ ပထမ(၆)လပတ် စုစုပေါင်းရငွေ လျာထားချက်မှာကျပ် ၄၉.၄၀၀သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာကျပ် ၄၁.၇၄၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၄.၅၁ ဖြစ်ပါသည်။ ပထမ(၆)လပတ် စုစုပေါင်းရငွေလျာထားချက်ထက် လျော့နည်းရရှိကြောင်းတွေ့ရှိရပါသည်။

**သာမန်ရငွေ**

၂။ နေပြည်တော်ကောင်စီ၏ ပထမ(၆)လပတ် လျာထားချက်မှာ ကျပ် ၄၉.၄၀၀ သန်း ဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၁၄.၁၁၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၂၈.၅၈ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ရေခွန်ကောက်ခံရရှိငွေမှာ ရေပေးဝေသည့်ဧကအပေါ် ခန့်မှန်းတွက်ချက်ထားခြင်းဖြစ်ပြီး အမှန်တကယ်ကောက်ခံရရှိငွေမှာ နှစ်ဟောင်းကြွေးကျန်အချို့ကိုသာ ကောက်ခံရရှိခဲ့ခြင်း၊ အချို့တောင်သူများ ကိုယ်တိုင် ရေခွန်ပေးသွင်းလိုသည့်ဆန္ဒမရှိခြင်း ၊ ဆည်မြောင်းဦးစီးအနေဖြင့် ကျေးရွာတိုင်းတွင် ရေခွန်ကောက်ခံပေးရန် ဝန်ထမ်းများမထားရှိနိုင်ခြင်းတို့ကြောင့် လျော့နည်းရခြင်းဖြစ်ပါသည်။

**ငွေလုံးငွေရင်းရငွေ**

၃။ နေပြည်တော်ကောင်စီ၏ ပထမ(၆)လပတ် လျာထားချက်မရှိသော်လည်း အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၂၇.၆၃၀သန်းဖြစ်ပါသည်။ယင်းသို့ဖြစ်ရခြင်းမှာကတ္တရာပေပါခွံရောင်းရငွေနှင့် ပေပါခွံများဝယ်ယူရာတွင် ပစ္စည်းမှာယူသောကုမ္ပဏီမှ သတ်မှတ်ရက်အရောက်ပေးပို့နိုင်ခြင်းမရှိသဖြင့်ရက်လွန်ကြေးရငွေများရရှိခြင်းကြောင့်ဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၄။ နေပြည်တော်ကောင်စီ၏ပထမ(၆)လပတ် စုစုပေါင်းအသုံးစရိတ်လျာထားချက်မှာကျပ် ၃၄,၆၇၆.၁၉၃ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၄၈,၁၆၃.၉၂၈ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၁၃၈.၉၀ ဖြစ်ပါသည် ။ ပထမ(၆) လပတ် စုစုပေါင်းအသုံးစရိတ် လျာထားချက်ထက် ပိုမိုသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

**သာမန်အသုံးစရိတ်**

၅။ နေပြည်တော်ကောင်စီ၏ ပထမ(၆)လပတ်တွင် လျာထားချက် ကျပ် ၁,၆၇၆.၁၉၃ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁,၁၆၄.၅၀၃ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၆၉.၄၇ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ မော်တော်ယာဉ်ပြင်ဆင်ကုန်ကျစရိတ်အား ထုတ်ယူသုံးစွဲမှုမရှိသေးခြင်း ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ရန်အတွက် တင်ဒါခေါ်ယူခြင်း ၊ စိစစ်ရွေးချယ်ခြင်းလုပ်ငန်းများဆောင်ရွက်နေသောကြောင့် အမှန်အသုံးစရိတ်များ လျော့နည်းရခြင်းဖြစ်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

၆။ နေပြည်တော်ကောင်စီ၏ ပထမ(၆)လပတ် လျာထားချက်ကျပ် ၃၃,၀၀၀.၀၀၀ သန်းဖြစ်ပြီး၊အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၄၆,၉၉၉.၄၂၅ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၄၂.၄၂ ဖြစ်ပါသည် ။ ယင်းသို့ဖြစ်ရခြင်းမှာ အောက်တိုဘာလအတွင်း လုပ်ငန်းများပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများအား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရသောကြောင့် လျာထားချက်ထက်ပိုမိုရခြင်း ဖြစ်ပါသည်။

**သုံးသပ်ချက်**

၇။ စုစုပေါင်းရငွေတွင် လျာထားချက်အပေါ် ၈၄.၅၁ရာခိုင်နှုန်း၊ စုစုပေါင်းသုံးငွေတွင် လျာထားချက်အပေါ် ၁၃၈.၉၀ရာခိုင်နှုန်း အကောင်အထည်ဖော်ခဲ့သဖြင့် ရငွေတွင်လျာထားချက် ပြည့်မီမှုမရှိသေးပါ။ အသုံးစရိတ်တွင် လျာထားချက်ထက် ကျော်လွန်သုံးစွဲထားပါသည်။ သို့ဖြစ်၍ ဒုတိယ(၆)လပတ်တွင် ရငွေတိုးမြှင့်ရရှိရေး ၊ အသုံးစရိတ်ထိန်းသိမ်းရေးတို့ကို ကြိုးပမ်းသင့်ပါသည်။

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (စာရင်းချုပ်)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၁ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၃၄၃၉၂.၃၆၇ | ၂၄၅၆၉.၃၁၇ | +၉၈၂၃.၀၅၀ | ၃၆၄၈၀.၈၈၂ | ၁၉၉၈၁.၅၁၈ | +၁၆၄၉၉.၃၆၄ | ၁၀၆.၀၇% | ၈၁.၃၃% |
| | စုစုပေါင်း | ၃၄၃၉၂.၃၆၇ | ၂၄၅၆၉.၃၁၇ | +၉၈၂၃.၀၅၀ | ၃၆၄၈၀.၈၈၂ | ၁၉၉၈၁.၅၁၈ | +၁၆၄၉၉.၃၆၄ | ၁၀၆.၀၇% | ၈၁.၃၃% |

၂၀၁၅ - ၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

(သာမန်စာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၂ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၃၄၃၇၆.၈၆၇ | ၂၀၀၉၅.၂၆၈ | +၁၄၂၈၁.၅၉၉ | ၃၆၄၇၄.၂၈၉ | ၁၇၅၂၀.၈၁၅ | +၁၈၉၅၃.၄၇၄ | ၁၀၆.၁၀% | ၈၇.၁၉% |
| | စုစုပေါင်း | ၃၄၃၇၆.၈၆၇ | ၂၀၀၉၅.၂၆၈ | +၁၄၂၈၁.၅၉၉ | ၃၆၄၇၄.၂၈၉ | ၁၇၅၂၀.၈၁၅ | +၁၈၉၅၃.၄၇၄ | ၁၀၆.၁၀% | ၈၇.၁၉% |

## ၂၀၁၅ -၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် (ဧပြီလမှစက်တင်ဘာလအထိ)

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ယာယီရငွေ၊သုံးငွေစာရင်း

## (ငွေလုံးငွေရင်းစာရင်း)

(ကျပ်သန်းပေါင်း)

| စဉ် | ဝန်ကြီးဌာန / အဖွဲ့အစည်းအမည် | ၂၀၁၅-၂၀၁၆ ပထမ(၆)လ လျာထားချက် | | | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ်အထိ အကောင်အထည်ဖော်နိုင်မှု | | | ပထမ(၆)လပတ် လျာထားချက်အပေါ် | |
|---|---|---|---|---|---|---|---|---|---|
| | | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေ | အသုံးစရိတ် | ပိုငွေ(+) / လိုငွေ(-) | ရငွေရရှိမှု ရာခိုင်နှုန်း | သုံးငွေသုံးစွဲမှု ရာခိုင်နှုန်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉(၆÷၃) | ၁၀(၇÷၄) |
| ၃ | နေပြည်တော်စည်ပင်သာယာရေး ကော်မတီ | ၁၅.၅၀၀ | ၄၄၇၄.၀၄၉ | -၄၄၅၈.၅၄၉ | ၆.၅၉၃ | ၂၄၆၀.၇၀၃ | -၂၄၅၄.၁၁၀ | ၄၂.၅၄% | ၅၅.၀၀% |
| | စုစုပေါင်း | ၁၅.၅၀၀ | ၄၄၇၄.၀၄၉ | -၄၄၅၈.၅၄၉ | ၆.၅၉၃ | ၂၄၆၀.၇၀၃ | -၂၄၅၄.၁၁၀ | ၄၂.၅၄% | ၅၅.၀၀% |

# နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏
# ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်
# လျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေ

**စုစုပေါင်းရငွေ**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပထမ(၆)လပတ် စုစုပေါင်းရငွေလျာထားချက် ကျပ် ၃၄,၃၉၂.၃၆၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃၆,၄၈၀.၈၈၂ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၁၀၆.၀၇ ဖြစ်ပါသည်။ လျာထားချက်ကို ပြည့်မီကျော်လွန်အောင် အကောင်အထည်ဖော်နိုင်ကြောင်းတွေ့ရှိရပါသည်။

**သာမန်ရငွေ**

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပထမ ( ၆ ) လပတ် လျာထားချက်မှာ ကျပ် ၃၄,၃၇၆.၈၆၇ သန်းဖြစ်ပြီး ၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၃၆,၄၇၄.၂၈၉ သန်း ဖြစ်သဖြင့်ရာခိုင်နှုန်း ၁၀၆.၁၀ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဟိုတယ်များမှ ကောက်ခံရရှိသည့် အဆောက်အအုံနှင့်မြေခွန်ရငွေများ၊နှစ်စဉ်ကြေးဘီးခွန်၊ ရေဖိုးရငွေများ၊ မြေဂရန်အမည်ပြောင်းခြင်းမှ ရငွေ၊ စည်ပင်ဧည့်ရိပ်သာအခန်းငှားခ ၊ မြို့တော်ဂေါက်ကွင်းလျှပ်စစ်ဘာဂီငှားရမ်းခရငွေများ ၊ ရေပန်းဥယျာဉ်ဝင်ကြေးရငွေများ၊ ကြော်ငြာဆိုင်းဘုတ်စိုက်ထူခရငွေများ၊ ဇမ္ဗူသီရိအထူးကုဆေးရုံဝန်ဆောင်ခ ရငွေများ ၊ CATV အခပေးလိုင်းရငွေများနှင့် ဘိလပ်မြေထုတ်လုပ်ဖြန့်ဖြူးရောင်းရငွေများ ပိုမိုရရှိခြင်းကြောင့်ဖြစ်ပါသည်။

**ငွေလုံးငွေရင်းရငွေ**

၃။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ပထမ(၆)လပတ်လျာထားချက်မှာကျပ် ၁၅.၅၀၀ သန်းဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၆.၅၉၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၄၂.၅၄ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ကတ္တရာပုံးခွံဟောင်းနှင့်ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဝယ်ယူထားသော ရေမီတာများမှာ ခန့်မှန်းသည်ထက် လျော့နည်းရောင်းချရခြင်းကြောင့်ဖြစ်ပါသည်။

**စုစုပေါင်းအသုံးစရိတ်**

၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပထမ(၆)လပတ် စုစုပေါင်းအသုံးစရိတ် လျာထားချက်မှာ ကျပ် ၂၄,၅၆၉.၃၁၇ သန်းဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၁၉,၉၈၀.၅၁၈ သန်း ဖြစ်သဖြင့် ရာခိုင်နှုန်း ၈၁.၃၃ဖြစ်ပါသည်။ ပထမ(၆)လပတ် စုစုပေါင်းအသုံးစရိတ် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့ကြောင်း တွေ့ရှိရပါသည်။

**သာမန်အသုံးစရိတ်**

၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပထမ(၆)လပတ် လျာထားချက်ကျပ်၂၀,၀၉၅.၂၆၈ သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ်၁၇,၅၂၀.၈၁၅ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၈၇.၁၉ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ဝန်ထမ်းများခရီးသွားလာမှု နည်းပါးခြင်း၊နေ့စား၊ယာယီနေ့စားလုပ်သား သုံးစွဲမှုလျော့နည်းခြင်း၊ စက်သုံးဆီဈေးနှုန်းကျဆင်းခြင်း၊ လျှပ်စစ်ဓာတ်အားခ၊ ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် လက်ဆောင်ပေးခြင်းအလှူဒါနတို့ လျော့နည်းသုံးစွဲခြင်း ၊ နေပြည်တော်ကောင်စီ နယ်နိမိတ်အတွင်း သန့်ရှင်း၊သပ်ရပ်၊ သာယာလှပ၊ စိမ်းလန်း၊ စိုပြည်ရေးအတွက် ပုံမှန်လုပ်ငန်းများနှင့် လမ်းတံတားပြင်ဆင်ခြင်းလုပ်ငန်းများသာ ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

**ငွေလုံးငွေရင်းအသုံးစရိတ်**

၆။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ပထမ(၆)လပတ် လျာထားချက်ကျပ် ၄,၄၇၄.၀၄၉သန်း ဖြစ်ပြီး၊ အကောင်အထည်ဖော်နိုင်မှုမှာ ကျပ် ၂,၄၆၀.၇၀၃ သန်းဖြစ်သဖြင့် ရာခိုင်နှုန်း ၅၅.၀၀ ဖြစ်ပါသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား လုပ်ငန်းလိုအပ်ချက်အရသာ ဆောင်ရွက် ရခြင်း၊ဆေးရုံသုံးစက်ပစ္စည်းများနှင့်ရုံးသုံးယာဉ်ဝယ်ယူမှု မရှိသေးခြင်းတို့ကြောင့် လျော့နည်းရခြင်း ဖြစ်ပါသည်။

**သုံးသပ်ချက်**

၇။ စုစုပေါင်းရငွေတွင် ၁၀၆.၀၇ ရာခိုင်နှုန်းဖြစ်သဖြင့် လျာထားချက်ထက် ပြည့်မီကျော်လွန်စွာ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။စုစုပေါင်းအသုံးစရိတ်တွင် ၈၁.၃၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ပါသည်။သို့ဖြစ်၍ ဒုတိယ(၆)လပတ်တွင် ရငွေဆက်လက်တိုးမြင့်ရရှိရေး ၊ အသုံးစရိတ်ထိန်းသိမ်းရေး တို့ကို ကြိုးပမ်းသင့်ပါသည်။

MAFK

## ခြုံငုံသုံးသပ်ချက်

၁။ ပြည်ထောင်စုအဆင့်ဌာနအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော အဖွဲ့အစည်းများသည် ရငွေအပိုင်း၌ ပြည်ပအကူအညီရငွေများ၊ ချေးငွေများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများတွင် ပြည်ပအကူအညီရငွေများ၊ ချေးငွေများ လျော့နည်းရရှိခြင်းနှင့် ပြည်ပမှပစ္စည်းများ အချိန်မီမရရှိသဖြင့် လျော့နည်းသုံးစွဲခြင်းများ တွေ့ရှိရသဖြင့် အမှန်တကယ်ရရှိ နိုင်မည့်ငွေရပ်ကိုသာ လျာထားရန်နှင့် လျာထားချက်အတိုင်း အချိန်မီအောင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

၂။ (၃)လပတ် ၊ (၆)လပတ်အလိုက် လျာထားချက်များကို ခန့်မှန်းရာ၌လည်း အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် နီးစပ်စွာခန့်မှန်းနိုင်ရန် လိုအပ်ပါသည်။

၃။ အသုံးစရိတ်အပိုင်း၌ ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲရန်ခန့်မှန်းရာတွင် ပထမ(၆)လပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေနှင့် ဒုတိယ(၆)လပတ်အတွင်း လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မည့် အခြေအနေတို့အား စနစ်တကျ စိစစ်ခန့်မှန်းရန် လိုအပ်ပါသည်။ ပထမ(၆)လပတ်အတွင်း အချို့ဝန်ကြီးဌာနများမှာ တင်ဒါခေါ်ယူဆဲဖြစ်ခြင်း၊ စက်ပစ္စည်း ကြီးကြပ်မှုကော်မတီနှင့် တည်ဆောက်ရေးကော်မတီတို့၏ ခွင့်ပြုချက်များရယူဆောင်ရွက်ရသဖြင့် လျာထားချက်ပြည့်မီအောင် မဆောင်ရွက်နိုင်ပါက မူလကပင် ဒုတိယ(၆)လပတ်တွင် ထည့်သွင်းလျာထားသင့်ပါသည်။

၄။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အောက်ရှိ ရန်ကုန်လျှပ်စစ်ဓါတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓါတ်အားပေးရေး ကော်ပိုရေးရှင်းတို့ကို (၁-၇-၂၀၁၅) ရက်နေ့မှစတင်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြု ချက်ဖြင့် ကော်ပိုရေးရှင်းများအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့သောကြောင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ်လျာထားချက်တွင် ရငွေနှင့်အသုံးစရိတ်များ လျာထားချက်မရှိသော်လည်းအကောင် အထည်ဖော်ဆောင်ရွက်သည့် စာရင်းများ ပါဝင်ပါသည်။

၅။ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ် ပထမ(၆)လပတ် အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေအား အောက်ပါအတိုင်း နှိုင်းယှဉ်သုံးသပ် တင်ပြအပ်ပါသည်-

## ၂၀၁၄-၂၀၁၅ခုနှစ်ဘဏ္ဍာရေးနှစ်နှင့် ၂၀၁၅-၂၀၁၆ခုနှစ်ဘဏ္ဍာရေးနှစ်
## (ပထမ (၆) လပတ် ယာယီအမှန်စာရင်းအရ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေနှိုင်းယှဉ်ချက်ဇယား)

(ကျပ်သန်းပေါင်း)

| စဉ် | အကြောင်းအရာ | ၂၀၁၄-၂၀၁၅ ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | ၂၀၁၅-၂၀၁၆ ပထမ(၆)လပတ် အကောင်အထည်ဖော်နိုင်မှု | ပိုမိုရရှိ/သုံးစွဲ (+) လျော့နည်းရရှိ/သုံးစွဲ (-) |
|---|---|---|---|---|
| (က) | ရငွေ | ၇,၀၀၃,၇၁၀.၁၅၆ | ၆,၅၂၄,၄၀၆.၁၂၃ | (-)၄၇၉,၃၀၄.၀၃၃ |
| | သာမန် | ၆,၈၁၂,၃၀၂.၇၄၆ | ၅,၉၄၄,၆၃၃.၄၅၂ | (-)၈၆၇,၆၆၉.၂၉၄ |
| | ငွေလုံးငွေရင်း | ၄၂,၂၀၂.၃၀၀ | ၁၃၉,၂၇၇.၃၉၉ | (+)၉၇,၀၇၅.၀၈၉ |
| | ကြွေးမြီ | ၁၄၉,၂၀၅.၁၀၀ | ၄၄၀,၄၉၅.၂၇၂ | (+)၂၉၁,၂၉၀.၁၇၂ |
| (ခ) | သုံးငွေ | ၆,၄၁၃,၇၅၈.၁၀၄ | ၈,၂၃၀,၅၄၂.၉၂၆ | (+)၁,၈၁၆,၇၈၄.၈၂၂ |
| | သာမန် | ၅,၁၅၀,၁၀၅.၅၂၃ | ၆,၄၂၀,၉၇၁.၄၄၇ | (+)၁,၂၇၀,၈၆၅.၉၂၄ |
| | ငွေလုံးငွေရင်း | ၁,၀၆၅,၄၆၂.၇၈၃ | ၁,၃၀၇,၆၂၅.၈၉၂ | (+)၂၄၂,၁၆၃.၁၀၉ |
| | ကြွေးမြီ | ၁၉၈,၁၈၉.၇၉၈ | ၅၀၁,၉၄၅.၅၈၇ | (+)၃၀၃,၇၅၅.၇၈၉ |
| (ဂ) | ပိုငွေ(+)/လိုငွေ(-) | (+)၅၈၉,၉၅၂.၀၅၂ | (-)၁,၇၀၆,၁၃၆.၈၀၃ | (-)၂,၂၉၆,၀၈၈.၈၅၅ |

အထက်ပါဇယားအရ ၂၀၁၅-၂၀၁၆ ခု၊ ဘဏ္ဍာရေးနှစ်၏ ယာယီအမှန်စာရင်းအရစုစုပေါင်း ရငွေ ကျပ် ၆,၅၂၄,၄၀၆.၁၂၃ သန်းကို ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းနှင့် နှိုင်းယှဉ်ပါက ကျပ် ၄၇၉,၃၀၄.၀၃၃ သန်း လျော့နည်းရရှိခဲ့ကြောင်းတွေ့ရှိရပါသည်။၂၀၁၅-၂၀၁၆ခု၊ ဘဏ္ဍာရေးနှစ်၏ ယာယီအမှန်စာရင်းအရ စုစုပေါင်းအသုံးစရိတ် ကျပ် ၈,၂၃၀,၅၄၂.၉၂၆ သန်းကို ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ် ယာယီအမှန်စာရင်းနှင့်နှိုင်းယှဉ်ပါကကျပ်၁,၈၁၆,၇၈၄.၈၂၂ သန်း ပိုမိုသုံးစွဲခဲ့ကြောင်းတွေ့ရှိရပါသည်။

## အကြံပြုတင်ပြချက်

၁။ ပြည်ထောင်စုဌာနအဖွဲ့အစည်းများအနေဖြင့် မူလလျာထားချက်အပေါ် ပထမ(၆)လပတ် နှင့် ဒုတိယ(၆)လပတ် ခွဲခြား၍လျာထားရာတွင် အမှန်တကယ်ရရှိနိုင်မှုနှင့် သုံးစွဲနိုင်မှုအခြေအနေတို့ကို စနစ်တကျသုံးသပ်ခန့်မှန်းတွက်ချက်၍ အနီးစပ်ဆုံး ဖြစ်အောင်လျာထားသင့်ပါသည်။ (၃)လပတ်အလိုက် လျာထားမှုကို အညီအမျှလျာထားရန် ကန့်သတ်ထားမှုမရှိပါ။ မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် နှစ်စဉ်အကောင်အထည်ဖော်သည့် အခြေအနေများကို သုံးသပ်၍ မှန်ကန်စွာအချိုးချပြီး ခန့်မှန်းလျာထားသင့်ပါသည်။

၂။ ပြည်ထောင်စုဌာနအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော အဖွဲ့အစည်းများသည် အရအသုံးခန့်မှန်းခြေငွေစာရင်းများရေးဆွဲရာတွင် လိုက်နာရမည့် အခြေခံမူများနှင့်အညီ ရေးဆွဲခန့်မှန်းလျာထားရန်နှင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက မဖြစ်မနေကိစ္စရပ်များကိုသာ တင်ပြသင့်ပါသည်။ လျာထားချက်နှင့် အကောင်အထည်ဖော်နိုင်မှုနီးစပ်ခြင်းဖြင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲရမှု ၊ ပိုလျှံငွေပြန်လည်အပ်နှံရမှုများ နည်းပါးမည်ဖြစ်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။